EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ်
တနင်္လာနေ့တိုင်း
ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၃၂) | “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” | ( စက်တင်ဘာ ၁၀ ၊ ၂၀၁၈ )



ဓာတ်ပုံ - စည်သူ(မြစ်ကြီးနား)

## ကျောက်မျက်ဥပဒေသစ်နှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ်က ပြင်ဆင်ထားသည့် အချက်များ ဖြည့်စွက်ရန်လိုနေသေးဟု ဒေသခံကျောက်မျက်လုပ်ငန်းရှင်များ ပြောကြား

စာ - ၂ သို့ »

## ပါလီမန်ခေတ် ကချင်ပါတီ နိုင်ငံရေး

ဒန်ဆိုင်းလောန် ရေးသားသည်

စာ - ၄/၅ သို့ »



## အောင်လအင်န်ဆန် ကြေးရုပ်တု သုံးလအတွင်း အပြီးဆောင်ရွက်မည်

စာ - ၁၉ သို့ »

## ကချင်ပြည်နယ် မြောက်ဖျားစွန်းနဲ့ သဘာဝနယ်မြေ သတ်မှတ်လိုမှု ပထဝီနိုင်ငံရေးရဲ့ လှည့်ကွက်

M ကောန်လ ရေးသားသည်

စာ - ၁၀/၁၁ သို့ »

## အဝေးသင် စီးပွားရေးတက္ကသိုလ် အထူးပြုဘာသာရပ် အနီးကပ်သင်တန်းတွေကို စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်ကြရတော့မည်

စာ - ၁၄ သို့ »

## ဆန္ဒပြလူငယ်ထုကို ဦးဆောင်ခဲ့သူ သုံးဦးအမှုကို ၁၆ ကြိမ်မြောက် ရုံးချိန်းစစ်ဆေး

စာ - ၃ သို့ »

## ကာမိုင်းမြို့နယ်၊ လွယ်ဆိုင်စစ်တပ်က ဖမ်းဆီးသွားသော အရပ်သားနှစ်ဦးကို မပသို့ ပို့လိုက်ကြောင်းသိရ

စာ - ၁၃ သို့ »

# ကျောက်မျက်ဥပဒေသစ်နှင့်ပတ်သက်၍ လွှတ်တော်နှစ်ရပ်က ပြင်ဆင်ထားသည့် အချက်များ ဖြည့်စွက်ရန်လိုနေသေးဟု ဒေသခံကျောက်မျက်လုပ်ငန်းရှင်များ ပြောကြား



မြစ်ကြီးနား၊ စက်တင်ဘာ ၇

မကြာမီ အတည်ပြုပြဋ္ဌာန်းတော့မည့် ကျောက်မျက်ရတနာဥပဒေသစ်နှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်မှ ပေးပို့လာသည့် အချက်များအနက် ၆၀ ရာခိုင်နှုန်းခန့်မှာ ပြန်လည်ပြင်ဆင်ဆွေးနွေးရန် လိုအပ်နေသဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေမူကြမ်းကို ပြင်ဆင်ရန် အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည့် အချက်ပေါင်း ၁၀၀ ခန့်အနက်မှ ၆၈ ချက်ကို ပြင်ဆင်သွားမည်ဖြစ်ကာ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီးပါက အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင့်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အချက်တော်တော် များများကိုတော့ ပြန်ပြင်ထားတယ်။ တချို့အချက်လေးတွေဆိုရင် သူတို့လုပ်တာလေးတွေနဲ့ တခြားစီဖြစ်အောင်ကို ပြင်လိုက်တာရှိတယ်။ ပြည်သူ့လွှတ်တော်မှာ အရင်ဆွေးနွေးမယ်။ ပြီးမှပြန်ပို့မယ်"ဟု ဦးတင့်စိုးက ဆက်လက်ပြောသည်။

အထက်ပါ ဥပဒေကြမ်းတွင်အဓိကအားဖြင့် လုပ်ကွက်အကြီးချထားပေးမှုများ ကန့်သတ်ခြင်း၊ ဒေသခံပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဖန်တီးပေးခြင်း၊ အသေးစား အလတ်စားလုပ်ကွက်နေရာများ သတ်မှတ်ပေးခြင်း၊ ကျောက်မျက်လုပ်ကွက်သက်တမ်းများ ထပ်မံတိုးမပေးခြင်း စသည့်အချက်များကို ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒေသခံတွေ လုပ်ကိုင်စားသောက်လို့ရအောင် လုပ်ထားပေးတယ်။ ဆိုကြပါစို့ မိမိတို့ဒေသခံတွေ ပိုင်ဆိုင်ထားတဲ့ ကျောက်တွေကို တရားဝင်အခွန်ဆောင်ပြီးတော့ သယ်ဆောင် ရောင်းဝယ်ကြမယ်။ ဒေသခံတွေဘက်ကလည်း ကုမ္ပဏီအသေးစားလေးတွေ လုပ်ထားရမှာပေါ့။ ဒါမှလည်း တရားဝင်သယ်ဆောင်ရောင်းချခွင့်ရကြမယ်"ဟု ဦးတင့်စိုးက ဖြည့်စွက်ပြောဆိုသည်။

ကျောက်မျက်ဥပဒေ ပြင်ဆင်ရေးနှင့်ပတ်သက်ပြီး လုပ်ဆောင်နေသည့် ကချင်နိုင်ငံရေးပါတီများ (KNC,KDP, KSDP,LNUDP)နှင့် Kachin Lawyer Group တို့က လေ့လာအကြံပြုချက် စာတမ်းတစ်စောင်ကို ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"တော်တော်များများ ပြင်ဆင်တဲ့အချက်တွေ ကောင်းတာတွေလည်း အများကြီးပါ။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့ အဓိကအချက်ဖြစ်တဲ့ ကျောက်မျက်ထုတ်လုပ်ခွင့်က လူတစ်စုရဲ့ လက်ထဲမှာပဲရှိနေသေးတယ်။ အဲဒါကို ကျနော်တို့က လက်မခံနိုင်ပါဘူး။ အမှန်က ထုတ်လုပ်ခွင့်က ဒေသခံတိုင်းရင်းသားတွေဆီမှာပဲ ရှိရမှာလေ"ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီ(KNC) ဥက္ကဋ္ဌ ဒေါက်တာအမ်ကောန်လက ပြောကြားသည်။

အထက်ပါ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးပြီး အမျိုးသားလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုဥပဒေကြမ်း ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် အပြီးသတ်ဆွေးနွေးကာ သဘောထားကွဲလွဲချက်များကို မဲခွဲဆုံးဖြတ်၍ အတည်ပြု ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# တန်သုံးရာ ကျောက်စိမ်းတုံးကြီးထွက်ခဲ့သည့် သက်တမ်းကုန်လုပ်ကွက် နေရာတွင် ကျောက်ဝင်တူးသည့် ယန္တရားများကို ဖမ်းဆီး

မြစ်ကြီးနား၊ စက်တင်ဘာ ၆

ဖားကန့်မြို့နယ်အတွင်း သက်တမ်းကုန် ကျောက်စိမ်းလုပ်ကွက်များတွင် တရားမဝင် ကျောက်စိမ်းတူးဖော်နေသည့် စက်ယန္တရားများကို ဖမ်းဆီး ထိန်းသိမ်းခဲ့ကြောင်း ဖားကန့်မြို့မရဲစခန်းမှ သိရသည်။

မမုံကျေးရွာနှင့် မက်လင်ချောင်ကျေးရွာအနီးရှိ သက်တမ်းကုန် လုပ်ကွက်များတွင် ဝင်ရောက်တူးဖော်နေသူများကိုတပ်မ(၃၃)နှင့်လုပ်ကွက်လုံခြုံရေးရဲတပ်ရင်းတို့ ပူးပေါင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ဘက်ဟိုး ၈ စီးနှင့် မြေသယ်ယာဉ်တစ်စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တပ်မတော်မှ အင်အားနှစ်ဆယ်ခန့်နှင့် ရဲတပ်ရင်းမှ အင်အား ၁၅ ဦးခန့်တို့က စက်တင်ဘာလ ၅ ရက်နေ့ ညနေ ၄ နာရီအချိန်ခန့်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟုသိရပြီး ဖမ်းဆီးထားသည့် လူဦးရေစာရင်းကို အတိအကျမသိရသေးပေ။

ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူးအား ဆက်သွယ်မေးမြန်းချက်အရ ဖမ်းဆီးခြင်းမှာ ဟုတ်မှန်ကြောင်း၊ စစ်ဆေးနေဆဲကာလဖြစ်သည့်အတွက် သတင်းအချက်အလက်များကို အသေးစိတ် ထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း ဖြေကြားခဲ့သည်။

ယခုအချိန်တွင် ဖမ်းဆီးထားသည့် ယာဉ်ယန္တရားများအား လယ်ပြင်ကျေးရွာရှိ ယမ်းချက်စက်ရုံတွင် ထိန်းသိမ်းထားရှိပြီး မြို့နယ်ထွေအုပ်နှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အထက်ပါနေရာသည် ရတနာတောင်တန်း ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီ၏ လုပ်ကွက်ဟောင်းနေရာဖြစ်ပြီး ယင်းလုပ်ကွက်အနီးတွင် ၂၀၁၆ ခုနှစ်က အလေးချိန်တန် ၃၀၀ ကျော် ရှိသည့် ကမ္ဘာ့အကြီးဆုံး အရည်အသွေးမြင့် ကျောက်စိမ်းတုံးကြီး ထွက်ရှိခဲ့သည့်နေရာဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)၊
ဇော်မိုးထက်(ဖားကန့်)

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဖားပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်



မြစ်ကြီးနားမြို့လွှင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ ဓနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဖားပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန်(အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန်(စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန်(အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

# ဆန္ဒပြလှုပ်ရှားမှုကို ဦးဆောင်ခဲ့သူ သုံးဦးအမှုကို ၁၆ ကြိမ်မြောက် ရုံးချိန်းစစ်ဆေး




စက်တင်ဘာ ၉

တိုက်ပွဲကြားပိတ်မိခဲ့သည့် ပြည်သူများ လွတ်မြောက်ရေးအတွက် ဆန္ဒပြ ဦးဆောင်ခဲ့သူ ၃ ဦးကို ဒုဗိုလ်မှူးကြီးတစ်ဦးက အသရေဖျက်မှုပုဒ်မ - ၅၀၀ ဖြင့် တရားစွဲဆိုထားသည့် အမှုကို စက်တင်ဘာလ ၆ ရက်နေ့က မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၁၆ ကြိမ်မြောက် စစ်ဆေးမှုပြုလုပ်ခဲ့သည်။

"အဓိက ဒီဟာနဲ့ ပတ်သက်ပြီး တရားစွဲခံရတဲ့အခါမှာ အပြစ်မရှိဘူးလို့ ငြင်းထားတယ်။ တပ်မတော်ကို အကြည်ညိုပျက်အောင်၊ ပြည်သူတွေကို အကြည်ညိုပျက်အောင် လုပ်တာမဟုတ်ဘူး။ ဘာအကြောင်းအရာတွေကြောင့် သတင်းစာရှင်းလင်းပွဲမှာ ဒီလိုပြောကြားတယ်ဆိုတဲ့ ကိစ္စရပ်တွေကို သူတို့ဘက်က ရှင်းလင်းပြောကြား သွားတာတွေရှိပါတယ်"ဟု ၎င်းတို့သုံးဦးအမှုကို လိုက်ပါဆောင်ရွက်နေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

ဆန္ဒပြဦးဆောင်သူ ၃ ဦးအနက် ကိုဇော်ဂျတ်နှင့် ဒေါ်နန်ပူကို မေလ ၁ ရက်နေ့တွင် ပြောဆိုသည့် သတင်းစာရှင်းလင်းပွဲမှ ပြောဆိုချက်များအရ စွဲဆိုထားခြင်းဖြစ်ပြီး ကိုလွမ်းဇောင်းကိုမူ ဆန္ဒထုတ်ဖော်သည့်အချိန်တွင် ပြောဆိုမှုများအရ စွဲဆိုခြင်းဖြစ်သည်ဟုလည်း သိရသည်။

ကိုလွမ်းဇောင်းက "လေယာဉ်ဖြင့် ပြည်သူများကို ပစ်မှတ်ထား ဗုံးကျဲခြင်းရပ်၊ ပြည်သူများအား ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှု ချက်ချင်းရပ်"ဟု ပြောဆိုထားခြင်းကြောင့်ဖြစ်ပြီး ဒေါ်နန်ပူက သတင်းစာရှင်းလင်းပွဲတွင်" ပိတ်မိပြည်သူများအား တားဆီးပိတ်ပင်ခြင်းသည် တပ်မတော်သာဖြစ်ကြောင်း၊ ပိတ်မိပြည်သူများအား ဖမ်းဆီးသတ်ဖြတ်စစ်ဆေးခြိမ်းခြောက်ခြင်းသည် တပ်မတော်သာ ဖြစ်ကြောင်း" ပြောဆိုထားခြင်းအတွက် တရားစွဲခံရခြင်းဖြစ်ကြောင်း သိရသည်။

ကိုဇော်ဂျတ်ကိုမူ "တပ်မတော်က ဖားကန့်မန်ဝယ်ကျေးရွာဘက်တွင် တစ်ဖက်သတ်ထိုးစစ်ဆင်ခြင်းကြောင့် ပြည်သူများ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရကြောင်း၊ ထွက်ပြေးလာသည့်ရွာသား ၂၀၀၀ ကျော်ခန့်အား တပ်မတော်က နေရပ်သို့ ပြန်သွားရန် ပြန်လည်မောင်းထုတ်ပြီး ၎င်းရွာဘက်တွင် တပ်မတော်နှင့်အတူ နေထိုင်ခဲ့ကြောင်း၊ ညဘက်တွင် တပ်မတော်မှ အရက်မူး၍ ရွာသားများအား မထီမဲ့မြင်ပြုမူဆက်ဆံမှုရှိကြောင်း၊ ဧပြီလ ၁ ရက်နေ့မှစ၍ တနိုင်း အောင်လောဒ့်ဘက်တွင် တပ်မတော်မှ ထိုးစစ်ဆင်ပြီး ရွာသူရွာသားများနေထိုင်သည့် နေရာများသို့ လက်နက်ကြီး၊ လေယာဉ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ကျည်များကျရောက်ခဲ့သဖြင့် ပြည်သူများ သေကြေဒဏ်ရာရရှိခဲ့ကြောင်း" သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့ခြင်းကြောင့် စွဲဆိုထားခြင်းဖြစ်သည်။

ဧပြီလအတွင်းက လိုင်နှောင်းခူး(မန်ဝယ်)၊ တနိုင်း အောင်လောဒ့်၊ ကဆုန့်နှင့် အင်ဂျန်းယန် ဒေသများတွင် တိုက်ပွဲပြင်းထန်လာသည့်အတွက် ပြည်သူများ ထွက်ပြေးလာကြကြောင်း၊ ဧပြီလ ၁၁ ရက်နေ့ ညနေက အောင်လောဒ့်တွင် လက်နက်ကြီးများကျရောက်ခြင်းကြောင့် ပြည်သူများ သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်း၊ ကဆုန့်မှ ထွက်ပြေးလာသည့်ပြည်သူများကိုမှတ်ပုံတင်စစ်ဆေးခြင်း အမျိုးမျိုး စစ်ဆေးခြိမ်းခြောက်ခြင်း၊ လိုင်နှောင်းခူးတွင်လည်း ပြည်သူများကို ဓားမြှောင်ဖြင့် ထိုးကာ ခြိမ်းခြောက်မှုများရှိသည် ဆိုသော အချက်အလက်များ မိမိတို့တွင် ရှိနေခြင်းတို့ကြောင့် ထိုသတင်းစာရှင်းလင်းပွဲတွင် မချွင်းမချန် ပြောဆိုခြင်းဖြစ်သည်ဟုလည်း ဒေါ်နန်ပူက ရှင်းပြပြောဆိုသည်။

"တပ်မတော်ကို အသရေပျက်စေလိုမှု ဂုဏ်အသရေကျစေမှု ရည်ရွယ်တာလုံးဝမဟုတ်ပါဘူးလို့ ကျွန်မပြောတယ်။ ကျွန်မက တပ်မတော်ကို အားကိုးတယ်၊ လေးစားတယ်၊ တပ်မတော်က ပိတ်မိတဲ့လမ်းကြောင်းတွေ ဖွင့်ပေးမှသာ ပိတ်မိတဲ့ပြည်သူတွေလွတ်လာမှာ ဖြစ်တဲ့အတွက်ကြောင့် တပ်မတော်ကို အားကိုးပါတယ်လို့ ကျွန်မကပြောတယ်။ ပြီးတော့ ပိတ်မိပြည်သူတွေ လွတ်လာဖို့အတွက် တပ်မတော်ကိုပဲမဟုတ်ဘဲနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း အကူအညီတောင်းပါတယ်။ တပ်မတော်ကို အသရေပျက်စေတဲ့ သဘောမဟုတ်ဘဲနဲ့ အကူအညီတောင်းတဲ့သဘော ဖြစ်တယ်လို့ပြောတယ်။ အဲ့ဒီသတင်းစာရှင်းလင်းပွဲမှာ ပြောမှသာလျှင် သက်ဆိုင်ရာ တာဝန်ရှိတွေရဲ့ နားထဲ ရောက်သွားမှာဖြစ်တဲ့အတွက် သတင်းမီဒီယာကနေ တစ်ဆင့် အသုံးပြုခြင်းဖြစ်တယ်ဆိုတာကိုလည်း ပြောတယ်"ဟု ဒေါ်နန်ပူက ၎င်းထွက်ဆိုခဲ့သည်များကို ပြောဆိုသည်။

စက်တင်ဘာလ ၆ ရက်နေ့က ခေါ်ယူခဲ့သည့် ရုံးချိန်းသည် ၁၆ ကြိမ်မြောက် ရုံးချိန်းဖြစ်ပြီး လာမည့် စက်တင်ဘာလ ၁၀ ရက်တွင် ကိုလွမ်းဇောင်း၏ ခံပြသက်သေ ၅ ဦးကို စစ်ဆေးသွားမည် ဖြစ်ကြောင်း ၎င်းတို့၏ အကျိုးဆောင်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

ခံပြသက်သေများ အနေဖြင့် ဒေါ်နန်ပူက ၁၄ ဦး၊ ကိုလွမ်းဇောင်းက ၅ ဦးနှင့် ကိုဇော်ဂျတ်က ၉ ဦး တင်သွင်းထားကြောင်း သိရသည်။

Salai

## Editorial
## အယ်ဒီတာ့အာဘော်

### သတင်းလွတ်လပ်ခွင့်များ သေဆုံးသွားလျှင်

ရခိုင်အရေး စုံစမ်းဖော်ထုတ်ရေးသားခဲ့သော ပြည်ပမီဒီယာ Reuter သတင်းဌာနမှ သတင်းထောက် နှစ်ယောက်ကို နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေဖြင့် အစိုးရက ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်ခြင်းသည် မြန်မာ့မီဒီယာလောကကို ခြောက်လှန့်လိုက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားပါသည်။

ရည်ရွယ်ချက်ရှိရှိ ချမှတ်လိုက်သည့် ထောင်ဒဏ်က ကိုဝလုံးတို့နှစ်ယောက်တည်းကို နစ်နာစေသည်မဟုတ်ဘဲ မီဒီယာလောကတစ်ခုလုံး၏ကိုပါ ထိပါးလာခဲ့ချေပြီ။

အစိုးရတိုင်းက မီဒီယာတိုင်းအပေါ် တိုင်းပြည်အကျိုးဆောင်ရွက်ဖော်၊ ဆောင်ရွက်ဖက်များအဖြစ် မမြင်တတ်ဘဲ ရန်ဖက်အဖြစ် သိမ်းကျုံးရှုမြင်တတ်ခြင်း၏ အကျိုးဆက်များက ရလာဒ်မကောင်းနိုင်။ သတင်းလွတ်လပ်ခွင့်များ သေဆုံးသွားလျှင် မည်သည့်အရာတွေ ခေါင်းထောင်လာမည်ကို ပြည်သူများ ဆင်ခြင်နိုင်ပါလိမ့်မည်။

သတင်းမီဒီယာကဏ္ဍကို မြန်မာအာဏာပိုင်များက မည်သည့်အချိန်တုန်းကမျှ မနှစ်မြို့ခဲ့ကြ။ ပြည်သူ့ဘဏ္ဍာငွေဖြင့် ထုတ်ဝေနေပြီး အစိုးရကောင်းကြောင်းသီးသန့် ရေးသားရန် အစိုးရလစာပေးခန့်အပ်ထားသည့် နိုင်ငံပိုင်သတင်းစာမှ နိုင်ငံ့ဝန်ထမ်းသတင်းသမားများကလွဲလျှင် မည်သည့်သတင်းထောက်ကိုမျှ အယုံအကြည် မရှိသည့် အကျင့်က ပိုမိုပေါ်လွင်ခဲ့ပါပြီ။

"အသွင်ကူးပြောင်းမှုအဆင့်ရောက်ရင် အခွင့်အရေးတွေပိုရလာတာရှိမယ်၊ နောက်ဆုံး ခိုင်မာတဲ့ အဆင့်ရောက်ရင်တော့ မီဒီယာတွေကို အကာအကွယ်ပေးတဲ့အဆင့် ရောက်သွားမယ်" ဆိုသည့် စက်တင်ဘာ ၇ ရက်နေ့က သမ္မတအိမ်တော်၌ ကျင်းပခဲ့သော မီဒီယာများနှင့်တွေ့ဆုံပွဲတွင် ဦးဇော်ဌေးပြောကြားခဲ့သည့် စကားက လက်ရှိကာလနှင့်ကြည့်လျှင် အကောင်းဆုံး ပြက်လုံးတစ်ခုဖြစ်နေပြန်သည်။

သတင်းသမား အမည်ခံသူ အားလုံးသည် လူကောင်းများဖြစ်ပြီး အမှန်တရားကိုသာ ရေးသားနေသည်ဟု မဆိုလိုပါ။ ခြောက်စားမြှောက်စား သတင်းသမားများလည်း ရှိနေသည်ကို ဝန်ခံပါသည်။ သို့တစေ ပေါင်းကူးပေးသည့်အဆင့်ထက် ကျော်လွန်၍ အမှန်တရားကိုဖော်ထုတ်၊ ထိန်းကျောင်းနေသော သတင်းသမားများလည်း ရှိပါသည်။ ထိုသတင်းသမားများ၏ လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်ကို ထိပါးလာလျှင် မသမာမှုများက ခေါင်းထောင်ထလာမည်မှာလည်း မလွဲပါ။ ထိုသတင်းသမားများ မရှိတော့လျှင် စောင်ရေတစ်ထောင်၊ နှစ်ထောင်ခန့်သာ ထုတ်ဝေနေရတော့သည့် ပုဂ္ဂလိကသတင်းဂျာနယ်များ၏ ကျဆုံးခန်းကိုလည်း မရှုမလှ တွေ့ကြရပါလိမ့်မည်။

သတင်းစာတစ်စောင်တွင် သတင်းတစ်ဝက်နှင့် ကြော်ငြာတစ်ဝက် ထည့်သွင်းဖော်ပြပြီး ခပ်ညံ့ညံ့ စာရွက်သားဖြင့်ထုတ်ဝေသည့် စာမျက်နှာ ၃၀ ကျော်ပါ နိုင်ငံပိုင်သတင်းစာတို့၏ ထုတ်လုပ်မှုကုန်ကျစရိတ်က တစ်စောင် ၁၁၅ ကျပ် ကျသင့်နေ၍ ၆၅ ကျပ်အရှုံးပေါ်နေပါသည်ဟုဆိုသေးသည်။ ထိုသို့ဆိုလျှင် စာရွက်အကောင်းစားများဖြင့် ထုတ်နေပြီး စာမျက်နှာ ၄-၅-၆၀ ပါ ပုဂ္ဂလိကပိုင် သတင်းစာစောင်တို့၏ ထုတ်လုပ်မှု ကျသင့်စရိတ်နှင့် ရောင်းရငွေအချိုးက ပြောဖွယ်မရှိပြီ။ အရင်းနှင့် အမြတ်မျှခြေမညီဘဲ ထုတ်လုပ်နေရ၍ တဂျိန်းဂျိန်းပိတ်သိမ်းနေရသည့် ရာနှင့်ချီသည့် ဂျာနယ်တိုက်များ၏ တံခါးများမှာ မည်သည့်အခါမျှ ပြန်လည်ဖွင့်လှစ်နိုင်မည် မဟုတ်တော့ပါ။

ဂျာနယ်တိုက်တွေ တစ်လပြီးတစ်လ ရပ်ဆိုင်းနေရသည့်ကြားထဲ သတင်းသမားများကို ချောင်ထိုး၍ နှုတ်ဆိတ်အောင် ဆက်လက်ဆောင်ရွက်နေကြဦးမည်ဆိုလျှင် သတင်းသမားတို့၏ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့် (Freedom of Expression) အပြင် ပြည်သူတို့၏ Rights to Know ဟုခေါ်သော သတင်းသိပိုင်ခွင့်များပါ မပွင့်လင်းမမြင်သာမှုများအောက် စုံးစုံးနစ်မြုပ် သေဆုံးပျောက်ကွယ်၍ မသမာမှုများ ထောင်းလမောင်းထလာမည့်အရေး မြစ်ကြီးနားသတင်းဂျာနယ်က တွေးတောပူပန်မိပါသည်။

မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**စာပြင်**
မြတ်သွေးထက်

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ခေါ်ဒေါင်နုတ်

**အငယ်တန်းသတင်းထောက်**
Ah Je (လပတ်)၊ မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)၊ ထုဆန် (Benadeth)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ပါလီမန်ခေတ် ကချင်ပါတီနိုင်ငံရေး

**ဒန်ဆိုင်းလောန် ရေးသားသည်**

အမှန်စင်စစ် ကချင်ပါတီနိုင်ငံရေးမှာ လွတ်လပ်ရေးရပြီး ပါလီမန် ဒီမိုကရေစီစနစ်နှင့် အတူမွေးဖွားသန့်စင် လူလားမြောက်လာခဲ့သည်ဟု ယူဆရမည်။ အပြစ်ကင်းစင်သော ကလေးငယ်ကဲ့သို့ ဖြူစင်မှုအရိုးခံနှင့် စတင်ခဲ့ရာမှ အရွယ်ရောက်လာသူတို့၏ ဓမ္မတာသဘောတရားအရ မာန်မာန အာဏာ၊ ရာထူးဂုဏ်ရှိန်၊ အာယာတ တရားများ လွှမ်းမိုးအားကောင်းသောအချိန်များအား ဖြတ်သန်းခဲ့သည့် အချိန်များလည်း ရှိခဲ့သည်။ ညီညွတ်ခဲ့ကြသည့်အချိန်လည်းရှိခဲ့သလို တကွဲတပြားဖြစ်ခဲ့သည့်အချိန်လည်း ရှိခဲ့သည်။ ဆွေမျိုးသားချင်း ရွေးကောက်ပွဲတွင် ရန်သူကဲ့သို့ စီးချင်းထိုးခဲ့ရသည့် အချိန်လည်း ရှိခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ပါတီနိုင်ငံရေး အသွင် ပီပီပြင်ပြင်ပေါ်လာသည့် ကာလလည်း ဖြစ်ခဲ့သည်။ သင်ယူစရာ သင်ခန်းစာများနှင့် ပြည့်နှက်ခဲ့သောကာလလည်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးချိန်မှအစပြုကာ လွတ်လပ်ရေးအရယူရန် ကြိုးပမ်းခဲ့သည့် ကချင်အင်အားစုများသည် လွတ်လပ်ရေးရပြီးနောက် ကချင်ပြည်နယ်နှင့် ပြည်နယ်သားများ၏အရေးအား ပါလီမန်ဒီမိုကရေစီစနစ်တွင် ထိရောက်စွာ ဖော်ပြတောင်းဆိုကာကွယ်သွားနိုင်ရန် နိုင်ငံရေးပါတီတည်ထောင်မှုဖြစ်မည်ကို လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားစွာ ရှုမြင်နိုင်ခဲ့ကြသည်။ ဖေဖော်ဝါရီလ၊ ၁၉၄၈ ခုနစ်တွင် ပယကဖ (ပြည်သူ့ယဉ်ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့)ကို ဖျက်သိမ်းခဲ့သည်။ ထိုနှစ်မတ်လတွင် စစ်ပြီးခေတ် ဗြိတိသျှ အစိုးရဖွဲ့စည်းခဲ့သော ဒိုမိန်းကောင်စီ၊ ဆပ်ဒီစတိတ်ကောင်စီနှင့် ဒီစတိတ်ကောင်စီများကို ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် မတ်လတွင် မန်ခိန်ရွာ၌ ဖျက်သိမ်းခံရသော ကောင်စီဝင်များနှင့် နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမျိုးစုများ၏ ကိုယ်စားလှယ်များ တက်ရောက်သည့် ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြသည်။ နိုင်ငံရေးအဖွဲ့အစည်းများနှင့် နယ်ခြားကောင်စီများ ဖျက်သိမ်းပြီး ကေအင်စီခေါ် ကချင်အမျိုးသားကွန်ဂရက်ကို ဖွဲ့စည်းခဲ့လေသည်။ ကနဦးတွင် အမျိုးသားနိုင်ငံရေး တစ်ဦးအသွင်ဆောင်ကာ နောင်တွင် နိုင်ငံရေးပါတီအဖြစ် ပီပီပြင်ပြင် ရပ်တည်လာနိုင်ခဲ့သည်။ ထို့ကြောင့် ကေအင်စီအား ပထမဦးဆုံးသော ကချင်နိုင်ငံရေးပါတီအဖြစ် ယူဆလျှင် ပိုမှန်မည်ထင်သည်။ အဘယ့်ကြောင့်ဆိုသော် ပယကဖ၏ နိုင်ငံရေးခံယူချက်နှင့် ပါတီဖွဲ့စည်းပုံစည်းမျဉ်း စည်းကမ်းများကို ခိုင်ခိုင်မာမာ ချမှတ်မှုပြုနိုင်ခဲ့သည်မှာ ပယကဖ ကချင်အမျိုးသား ကွန်ဂရက်မှ လမ်းခွဲပြီး ၁၉၅၂မှ အစပြုနိုင်ခဲ့သောကြောင့် ဖြစ်သည်။



*ဖဆပလပါတီဥက္ကဋ္ဌ ဦးနုနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးဇန်ထဆင်၊ ဒူဝါဇော်လွန်း၊ ဆမားဒူဝါဆင်ဝါးနောင်တို့ ဖီမော၊ဂေါလန်၊ဂမ်ဖန် ကချင်ရွာအား တရုတ်သို့လွှဲပြောင်းပေးအပ်ရန် တရုတ်အစိုးရ နှင့် ဆွေးနွေးစဉ်*

## ပထမအစိုးရသက်တမ်းကာလ (၁၉၄၆ - ၁၉၅၁)

ဆမားဒူဝါ ဆင်ဝါးနောင်၏ နိုင်ငံရေးဩဇာ အထွတ်အထိပ်သို့ရောက်ရှိခဲ့သောကာလ ဟုယူဆလျှင် ရနိုင်ပေမည်။ နယ်ခြားဆိုင်ရာဒုတိယအတိုင်ပင်ခံဝန်ကြီး အဖြစ်သော်လည်းကောင်း၊ ကချင်ပြည်နယ်ဝန်ကြီးနှင့် ဥက္ကဋ္ဌအဖြစ်သော်လည်းကောင်၊ ကချင်ပြည်နယ်ကာကွယ်ရေးဝန်ကြီး အဖြစ် သော်လည်ကောင်း ပြည်နယ်အရေး၊ပြည်ထောင်စု အရေးများအား စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သော ကာလလည်း ဖြစ်သည်။ 'ဒူဝါကြီး' ဟု ကျော်ကြားထင်ရှားခဲ့သော အချိန်လည်းဖြစ်သည်။ နယ်ခြားဆိုင်ရာဒုတိယအတိုင်ပင်ခံဝန်ကြီးအဖြစ်တာဝန် ထမ်းဆောင်နေစဉ် ကချင်စစ်တပ်များတွင် ကချင်အရာရှိတပ်မှူးများကို ခန့်ထားခြင်း၊ စက်ပြင်ဆင်သည့် အလုပ်ရုံများ တည်ဆောက်ခြင်း၊ ရုံးများ၊ ဆေးရုံများ၊ ကျောင်းများ၊ ဈေးများ၊ ဧည့်တဲများ၊ အစိုးရနေအိမ် အဆောက်အဦးများအား တိုးချဲ့ ဆောက်လုပ်ခြင်းများ ပြုလုပ်ခဲ့သည်။ လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်ဥပဒေပြုကောင်စီနှင့် အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်ရန် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ အမှုတွဲပေါင်း ၅၀၀ကျော် ဖွင့်၍ ကြိုတင်ပြင်ဆင် နိုင်ခဲ့သည်။ ကချင်ပြည်နယ်ဝန်ကြီးနှင့် ကချင်ပြည်နယ် ဥက္ကဋ္ဌအဖြစ်တာဝန်ယူချိန်မှစ၍ ၅လအတွင်းဌာနများကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ အရာထမ်း အမှုခန့်ထားခြင်းတို့ကို အပြီး ပြုလုပ်နိုင်ခဲ့သည်။

ထို့ပြင် ရောင်စုံသူပုန်များ၏ပုန်ကန်ခြားနားခြင်းကြောင့် မလူးသာမလွန့်သာ ဖြစ်နေသော ပြည်ထောင်စုအစိုးရ ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်ရန် ကာကွယ်ရေးဝန်ကြီးအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သော ဆမားဒူဝါဆင်ဝါးနောင်၏ အခန်းကဏ္ဍမှာ မသေးချေ။

အထက်ပါ ဇယားကို ကြည့်ခြင်းအားဖြင့် ဆမားဒူဝါဆင်ဝါးနောင် ထမ်းဆောင်ခဲ့ရသောတာဝန်၏အတိမ်အနက်ကို တွေးဆနိုင်မည် ဖြစ်သည်။ ကနဦးတွင် အမှတ်(၁)၊ (၂)၊ (၃) ကချင်သေနတ်ကိုင်တပ်ရင်းများကို အားကိုးအားထားပြုကာ အမှတ်(၄)နှင့်(၅)ကချင်သေနတ်ကိုင် တပ်ရင်းများအား အရေးပေါ်ဖွဲ့စည်းကာ အရေးပေါ် နိုင်ငံတော်လုံခြုံရေး ပြဿနာအား ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သည်။

ထိုကာလတွင် ဒူဝါဇော်လွန်းမှာ တိုင်းပြုပြည်ပြု လွှတ်တော်သို့ ကချင်ကိုယ်စားလှယ်တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ကချင်ပြည်နယ်ခွဲခြားသတ်မှတ်ရေးနှင့် အပိုင်း(၂) ဒေသရှိနယ်မြေများအား ကချင်ပြည်နယ် အတွင်းထည့်သွင်းရန်ကိစ္စနှင့် စပ်လျဉ်း၍ ဖဆပလ ခေါင်းဆောင်များနှင့် (၁၁)ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ရာတွင် အပြင်းထန်ဆုံး တောင်းဆိုဆွေးနွေးခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဖြစ်သည်။ လွတ်လပ်ရေးရပြီး ပထမဦးဆုံး ကချင်ပြည်နယ် အစိုးရအဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ခိုင်ခိုင်မာမာ အုတ်မြစ်ချပေးနိုင်ခဲ့သည့် ခေါင်းဆောင်ကြီးလည်းဖြစ်သည်။ ထို့ပြင် ကချင်ပြည်နယ်ကောင်စီ၏ ဥက္ကဋ္ဌတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သည်။

ဤသက်တမ်းကာလအား ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက ၁၉၅၁ ရွေးကောက်ပွဲ မတိုင်မီကာလအထိ ကချင်အမျိုးသားခေါင်းဆောင်များအကြား လူထုရှေ့ ထင်ထင်ပေါ်ပေါ် သဘောထားကွဲလွဲမှုမျိုး မတွေ့ရဘဲ အမျိုးသားနိုင်ငံရေးတပ်ဦး ကေအင်စီအဖြစ်သာ ရပ်တည်ခဲ့ကြသည်။ ၁၉၅၁ရွေးကောက်ပွဲအပြီး အကွဲအပြဲဇာတ်လမ်း စတင်လာသည်ဟုဆိုလျှင် ပိုမှန်ပေမည်။ အတွင်းအပြင် နိုင်ငံရေး ပယောဂများ မကင်းချေ။

## ဒုတိယ အစိုးရသက်တမ်းကာလ (၁၉၅၂ - ၁၉၅၆)

ထိုအချိန်က တစ်နိုင်ငံလုံး အတိုင်းအတာနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ကချင်ပြည်နယ်မှာ ဆူပူသောင်းကျန်းမှုမရှိဘဲ ငြိမ်းချမ်းသော ပြည်နယ်ဖြစ်သောကြောင့် ရွေးကောက်ပွဲအား ၁၉၅၁ နှစ်ဦးပိုင်းကာလတွင် ကေအင်စီမှ အမတ်နေရာ (၇)နေရာ၊ ကချင်ပြည်နယ် ဖဆပလအဖွဲ့မှ အမတ်နေရာ (၅)နေရာ၊ ပယကဖအဖွဲ့မှ အမတ်(၄)နေရာ၊ ပေါင်ယောင် ကချင်လူငယ်အဖွဲ့မှ အမတ် (၃)နေရာ အသီးသီးရရှိခဲ့သည်။ ကေအင်စီမှ အမတ်အများဆုံး အနိုင်ရရှိထားသည်က တစ်ကြောင်း၊ ကချင်ပြည်နယ်ဖဆပလအဖွဲ့အမတ်များနှင့်ပြည်နယ်အစိုးရအတူတကွ ပူးပေါင်းဖွဲ့စည်းရန် ကနဦးသဘောတူညီမှု ရရှိထားသည့်အတွက် ကေအင်စီပင် ပြည်နယ်အစိုးရအဖွဲ့နိုင်မည်ဟု ကေအင်စီခေါင်းဆောင်များ မျှော်လင့်ခဲ့ကြသည်။ သို့သော် ဦးနုက လက်မခံသဖြင့် ဆမားဒူဝါ



*ပီကင်းသို့ ရောက်ရှိနေသော ဖဆပလပါတီဥက္ကဋ္ဌ ဦးနုနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဦးဇန်ထဆင်၊ ဒူဝါဇော်လွန်း၊ ဆမားဒူဝါဆင်ဝါးနောင်တို့ ဖီမော၊ဂေါလန်၊ဂမ်ဖန် ကချင်ရွာအား တရုတ်သို့လွှဲပြောင်းပေးအပ်ရန် တရုတ်အစိုးရနှင့် ဆွေးနွေးစဉ်*

ဆင်ဝါးနောင် ဦးဆောင်သော ပယကဖနှင့် ပူးပေါင်းကာ ကချင်ပြည်နယ်အစိုးရဖွဲ့စည်းစေခဲ့သည်။ ထို့ကြောင့် ဆမားဒူဝါဆင်ဝါးနောင်သည် ၁၉၅၂ တွင် ဖွဲ့စည်းသော ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဥက္ကဋ္ဌအဖြစ် တစ်ဖန်ပြန်လည်တင်မြှောက်ခံရသည်။ ကေအင်စီမှာ အတိုက်အခံပါတီအဖြစ် ရပ်တည်ခဲ့ရသည်။ ပယကဖနှင့် ကေအင်စီတို့၏ အဓိကဝိဝါဒကွဲပြားမှုမှာစီးပွားရေးမူဝါဒဖြစ်သည်။ ကေအင်စီ၏ အဓိက စီးပွားရပ်တည်ချက်မှာ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော ကချင်ပြည်နယ်အား အဘက်ဘက်မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းဖြစ်သည်။ ပယကဖ၏ စီးပွားရေးမူဝါဒမှာ စက်မှုစီးပွားရေးသို့ အလျင်အမြန်အရှိန်အဟုန်ဖြင့် တည်ဆောက်သွားရန် ဖြစ်သည်။ ပယကဖမှ ရည်မှန်းချက်အလွန်ကြီးပြီး လက်တွေ့မကျဟု ယူဆကာ ကေအင်စီမှ ဆမားဒူဝါဆင်ဝါးနောင်၏ စက်မှုစီမံကိန်းကြီးကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ ဦးနုအစိုးရလည်း အစကနဦးတွင် ထောက်ခံသယောင်ရှိသော်လည်း ဆမားဒူဝါ၏ နိုင်ငံရေးရည်မှန်းချက်မှာ ပြည်နယ်တွင်သာမဟုတ်ဘဲ ပြည်မအထိချဲ့ထွင် သွားမည့်အရေးကို ရိပ်စားမိကာ ထိုစီမံကိန်းကို ရပ်တန့်သွားရန် ဖိအားပေးခဲ့သည်။ ဆမားဒူဝါဆင်ဝါးနောင်နားမထောင်ဘဲ စီမံကိန်းကို ခေါင်းမာစွာ ဆက်လက်အကောင်အထည်ဖော်သောကြောင့် ၁၉၅၃ ဇူလိုင်လတွင် ကချင်ပြည်နယ်ဥက္ကဋ္ဌရာထူးမှ ရပ်နားခံလိုက်ရသည်။ ကေအင်စီ ကချင်ပြည်နယ် အစိုးရဖွဲ့စည်းနိုင်ရန် တစ်ဖန်အခြေအနေ ပေါ်လာကာ ဒူဝါဇော်လွန်း ၁၉၅၃၊ ဇူလိုင်လမှ ၁၉၅၆ ဇူလိုင်လအထိ ကချင်ပြည်နယ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နိုင်ခဲ့သည်။ ဒူဝါဇော်ရစ်မှ ဆမားဒူဝါဦးဆောင်သော အစိုးရအဖွဲ့တွင် ဘဏ္ဍာအခွန်ဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သော်လည်း ဒူဝါဇော်လွန်း၏ အစိုးရအဖွဲ့တွင် မပါဝင်ဘဲ ရိုးရိုးအမတ်အဖြစ်သာ နေခဲ့သည်။ ဤကာလမှစ၍ ကချင်ပါတီ နိုင်ငံရေးတွင် ဖဆပလ ထောက်ခံမှုမရှိဘဲ မည်သည့်ကချင်ပါတီမှ အစိုးရဖွဲ့ခွင့် မရှိတော့သည့် အစဉ်အလာ စတင်ခဲ့သည်ဟု ဆိုလျှင် မမှားနိုင်ပေ။

## တတိယအစိုးရသက်တမ်းကာလ (၁၉၅၆ - ၁၉၆၀)

ဤကာလကို ခြုံငုံသုံးသပ်ကြည့်လျှင် ပြည်မ၊ ပြည်နယ်ပါတီနိုင်ငံရေး အခြေအနေ တည်ငြိမ်မှု အကင်းမဲ့ဆုံးအချိန်ဖြစ်သည်။ ကချင်ပြည်နယ်၌ ၁၉၅၆ ရွေးကောက်ပွဲတွင် ဒူဝါဇော်လွန်း အရေးနိမ့်သွားသဖြင့် ကေအင်စီမှဦးဇန်ထဆင်ပြည်နယ်ဥက္ကဋ္ဌဖြစ်လာသည်။ ပြည်မတွင် ဖဆပလ အနိုင်ရသော်လည်း အမတ်ဦးရေ လျော့နည်းသွားသည်။ ဖဆပလတွင် ဦးနု၏ခေါင်းဆောင်မှုအား ဆိုရှယ်လစ်အုပ်စုများ ထင်ထင်ပေါ်ပေါ် ဝေဖန်လာသော အချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ဦးနုသည် ၁၉၅၆ တွင် ဝန်ကြီးချုပ်ရာထူးကို ဆက်လက်မယူဘဲ ဆိုရှယ်လစ်အုပ်စုမှ ဦးဘဆွေကို ဝန်ကြီးချုပ်ရာထူး ပေးအပ်ကာ ဖဆပလပါတီဥက္ကဋ္ဌ နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ဦးဇန်ထဆင် အစိုးရလက်ထက်တွင် ကြုံတွေ့ရသော ပြဿနာမှာ တရုတ်-မြန်မာ နယ်စပ်အရေး ဖြစ်သည်။ ဦးဇန်ထဆင် ၁၉၅၆ ဇူလိုင်လတွင် ပြည်နယ်ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အောက်တိုဘာလတွင် ပီကင်းသို့ ရောက်ရှိနေသော ဖဆပလ ပါတီဥက္ကဋ္ဌ ဦးနုနှင့်အဖွဲ့ ဆင့်ခေါ်၍ အရေးပေါ်ပြည်နယ်ဥက္ကဋ္ဌဟောင်းများ ဖြစ်ကြသော ဒူဝါဇော်လွန်းနှင့် ဆမားဒူဝါဆင်ဝါးနောင်တို့နှင့်အတူ သွားရောက်ခဲ့သည်။ ပီကင်းသို့ ရောက်ရှိသောအခါ ဖီမော်၊ ဂေါလန်၊ ဂမ်ဖန် ကချင်ရွာများအား တရုတ်သို့ လွှဲအပ်ရန်အတွက်သဘောတူရန် ဦးနု၏ ဖိအားပေးခြင်း ခံခဲ့ရသည်။ ကချင်ပြည်နယ်ဥက္ကဋ္ဌ ဦးဇန်ထဆင်က ကချင်လူထု သဘောတူညီမှုမရှိဘဲ သဘောမတူနိုင်ကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုခဲ့သည်။ ဤမှအစပြု၍ ဦးနုနှင့်ဦးဇန်ထဆင်၏ ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့သည်။

၁၉၅၇ ဇွန်လတွင် ဦးနုသည် ဦးဘဆွေထံမှ ဝန်ကြီးချုပ်ရာထူးအား ပြန်လည်သိမ်းယူလိုက်သည်။ အကျိုးဆက်အနေဖြင့် ဦးဘဆွေ၊ ဦးကျော်ငြိမ်းတို့ ဦးဆောင်သော ဆိုရှယ်လစ်အုပ်စုသည် ၁၉၅၈ ဇွန်လတွင် ဦးနုအစိုးရမှ နှုတ်ထွက်ကာ တည်မြဲဖဆပလပါတီအဖြစ် ခွဲထွက်သွားသည်။ ကေအင်စီပါတီ၊ တည်မြဲဖဆပလပါတီအား ထောက်ခံသဖြင့် ဦးဇန်ထဆင် ကချင်ပြည်နယ်ဥက္ကဋ္ဌရာထူးမှ နှုတ်ထွက်သွားသဖြင့် ပေါင်းယောင်လူငယ်ပါတီဥက္ကဋ္ဌ ဒူဝါဇော်ရစ်အား ကေအင်စီနှင့် သန့်ရှင်းဖဆပလ နှစ်ဖွဲ့စလုံးသဘောတူသဖြင့် ဒူဝါဇော်ရစ် ၁၉၅၈ ဇွန်လမှ စက်တင်ဘာလအထိ လေးလသာပြည်နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ အောက်တိုဘာလတွင် ဝန်ကြီးချုပ်နေဝင်းဦးဆောင်သော အိမ်စောင့်အစိုးရအဖွဲ့ကို အာဏာလွှဲပြောင်းအပ်နှင်းခဲ့ရသည်။ အိမ်စောင့်အစိုးရ သက်တမ်း ၁၉၅၈ - ၁၉၆၀ တွင်နိုင်ငံရေးသမားများ၏ အခန်းကဏ္ဍ မှေးမှိန်ခဲ့သည်။ ထိုကာလတွင် ဒူဝါဇော်လွန်းမှာ ကချင်ပြည်နယ်ဥက္ကဋ္ဌတာဝန် ယူခဲ့သည်။

## ပါလီမန်ခေတ်နိဂုံး

ဗိုလ်ချုပ်နေဝင်းဦးဆောင်သောအိမ်စောင့်အစိုးရမှကတိပြုထားသည့်အတိုင်း ၁၉၆၀ တွင် အထွေထွေ ရွေးကောက်ပွဲမှာ ဆမားဒူဝါဆင်ဝါးနောင်အား ကချင်လူထုနှင့် ကင်းကွာစေခဲ့သော ရွေးကောက်ပွဲဟု ယူဆလျှင် ရနိုင်မည်။ ပယကဖ အမတ်အနေဖြင့် မယှဉ်ပြိုင်ဘဲ ပြည်ထောင်စုပါတီ (မူလ) သန့်ရှင်းဖဆပလပါတီ အမတ်အဖြစ်ပါဝင် ယှဉ်ပြိုင်ခဲ့သည်။ ဗုဒ္ဓဘာသာအား နိုင်ငံတော်ဘာသာ အဖြစ်သတ်မှတ်မည်ဟူသည့်မူကို အတိအလင်းထောက်ခံကာ မဲဆွယ်စည်းရုံးခဲ့သည်။ ခရစ်ယာန်အများစုဖြစ်သော ကချင်လူထုအကြား ရေပန်းစားမှု အနည်းဆုံးအချိန်လည်း ဖြစ်သည်။ အပြတ်အသတ် အနိုင်ရနေကျ မြစ်ကြီးနား အနောက်ဘက်ခြမ်း မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ပင်လျှင် မဲအနည်းငယ် အသာစီးဖြင့်သာ အနိုင်ရခဲ့သည်။ သို့သော် ကချင်ပြည်နယ်တွင် ပ ထ စ အမတ်အများစု အနိုင်ရသဖြင့် ဆမားဒူဝါဆင်ဝါးနောင် ပြည်နယ်ဥက္ကဋ္ဌအဖြစ် ပြန်လည်တာဝန်ပေးအပ်ခြင်း ခံရသည်။ နိုင်ငံတော်သမ္မတအဖြစ်လည်း လျာထားခံရပြီး သမ္မတဖြစ်မည့် အချိန်ကို လက်ချိုးရေတွက်ကာ စောင့်မျှော်နေသော အချိန်လည်း ဖြစ်သည်။ တစ်ဘက်တွင် ဖက်ဒရယ်အရေး တာဆူလာကာ ဦးနုအစိုးရအနေဖြင့်လည်း လိုက်လျောမည့် အရိပ်အယောင်များ မြင်တွေ့နေရသည့် အချိန်လည်း ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ (၁၀) နှစ်တာ ကာလပတ်လုံး အလစ်မခံဘဲ ပြင်းပြင်းထန်ထန် တိုက်ခိုက်ယှဉ်ပြိုင်ခဲ့ကြသော ပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဒူဝါဇော်လွန်းနှင့် ဆမားဒူဝါဆင်ဝါးနောင် အကြားအချင်းချင်း နားလည်မှုရယူကာ ကချင်အမျိုးသားအကျိုးစီးပွားအတွက် ရာသက်ပန် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူသန္နိဋ္ဌာန်ချမှတ်နိုင်ခဲ့သော အချိန်လည်း ဖြစ်သည်။ သို့သော် ၁၉၆၂ မတ်လတွင် တော်လှန်ရေးကောင်စီ တက်လာသည်နှင့် ၎င်းတို့၏ နိုင်ငံရေးအိပ်မက်အနာဂတ်များအားလုံး ဆိတ်သုန်းသွားရတော့သည်။

## နိဂုံး

ပါလီမန်ခေတ်ကချင်ပါတီနိုင်ငံရေးကိုတစေ့တစောင်းခြုံငုံလေ့လာကြည့်မည်ဆိုလျှင် အတက်၊ အကျ၊ အနိမ့်၊ အမြင့် အလွန်များကာ နောင်လာနောက်သားများအတွက် သင်ယူစရာ သင်ခန်းစာများနှင့် အတိပြီးသောကာလ ဖြစ်သည်။

သင်းကွဲသဖြင့် ကျားဆွဲခံရသော ခါးသီးသည့် နိုင်ငံရေးအတွေ့အကြုံများနှင့်လည်းပြည့်နှက်ခဲ့သည့်ကာလ ဖြစ်သည်။ (ဥပမာ - ၁၉၅၁ ရွေးကောက်ပွဲရလဒ်ကိုကြည့်လျှင် ကချင်ပါတီပေါင်းစည်းမှု ရှိခဲ့ပါက ပြည်မဖဆပလပါတီအား ပြည်နယ်များ၌ ထင်ပေါ်သလို ခြယ်လှယ်နိုင်ခွင့်အား တုံ့ပြန်နိုင်မည်ဖြစ်ပြီး ထိရောက်စွာ ထိန်းညှိနိုင်ခဲ့ပေမည်။) သို့သော် ၁၉၄၇ အခြေခံဥပဒေအရ ကချင်ပါတီများ ပြည်နယ်အစိုးရအဖွဲ့နှင့် လူမျိုးစုလွှတ်တော်တွင် ကိုယ်စားပြုမှု မကြီးထွားစေရန် ကန့်သတ်ထားသော ကန့်သတ်ချက်များလည်း ရှိသည်။ ခြုံငုံရန် သုံးသပ်ကြည့်မည်ဆိုလျှင် ပါလီမန်ဒီမိုကရေစီသစ် ဖက်ဒရယ်ပြည်ထောင်စုကြီး ပီပီပြင်ပြင်ပေါ်ထွန်းလာနိုင်သည့် ရေခံမြေခံအလွန်ကောင်းသော ခေတ်ကာလကြီးဟုဆိုလျှင် မမှားနိုင်ပေ။ သတ္တိ၊ ဗျတ္တိခေါင်းဆောင်မှုစွမ်းရည်နှင့် အတွေ့အကြုံရင့်ကျက်သော ပြည်မ၊ ပြည်နယ်ခေါင်းဆောင်များ အများအပြားပေါ်ထွန်းခဲ့သော ကာလလည်း ဖြစ်ခဲ့သည်။

**ဒန်ဆိုင်းလော်န်**

# ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ

မြစ်ကြီးနားမြို့နယ်အတွင်း နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ် လောင်း ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါကိုယ်စားလှယ်၆ဦးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ယမ်ခေါန်၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဆီဟူးဒွေ့၊ ကချင်ဒီမိုကရက်တစ်ပါတီမှ ဦးအောင်ခမ်း၊ တစ်သီးပုဂ္ဂလ အနေဖြင့် ဒေါက်တာသန်းထိုက်ဦး၊ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်းနှင့် ပြည်ထောင်စုတိုင်းရင်းသားများ ဖက်ဒရယ်ဒီမိုကရေစီပါတီမှ ဒေါ် MD ခေါ်ညွယ်တို့ ဖြစ်သည်။

၎င်းတို့ ၆ ဦး အနက် ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများသွေးစည်းညီညွတ်ရေးပါတီမှ ဒေါ်ခင်အုန်း၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြပေးလိုက်ပါသည်။ ဒေါ်ယမ်ခေါန်၊ ဦးဆီဟူးဒွေ့နှင့် ဦးအောင်ခမ်းတို့၏ ကိုယ်ရေးအကျဉ်းများကို ယခင်အပတ်များက ဖော်ပြခဲ့ပြီးဖြစ်၍ လာမည့်အပတ်များတွင် ကျန်ရှိကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအကျဉ်းများကို ဆက်လက်ဖော်ပြသွားပါမည်။ ထို့အပြင် ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီကာလအတွင်း အင်တာဗျူးများရရှိရန်လည်း တတ်နိုင်သလောက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းကြိုတင်အသိပေးအကြောင်းကြားအပ်ပါသည်။

## ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ကိုယ်စားလှယ်လောင်း ဒေါ်ခင်အုန်း၏ ကိုယ်ရေးအကျဉ်း



၁။ အမည် - ဒေါ်ခင်အုန်း
၂။ အခြားအမည် - နန်းခင်အုန်းထွန်း
၃။ ကိုယ်စားပြုသောပါတီနှင့် ပါတီတာဝန် - ဗဟိုအဖွဲ့ဝင်/ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ
၄။ မွေးသက္ကရာဇ် - ၂၀. ၁. ၁၉၅၇ (၆၁)နှစ်
၅။ လူမျိုး/ကိုးကွယ်သည့်ဘာသာ - ရှမ်းနီ(တိုင်းလိုင်)၊ ဗုဒ္ဓဘာသာ
၆။ မှတ်ပုံတင်အမှတ် - ၁/မကန(နိုင်) ၀၁၇၈၆၅
၇။ ပညာအရည်အချင်း - B.Sc(Physics)(Q), B.Ed
၈။ အလုပ်အကိုင် - အိမ်တွင်းမှု ကျောင်းအုပ်ကြီး(ငြိမ်း)
၉။ မွေးဖွားရာဇာတိ - မိုးကောင်းမြို့
၁၀။ အဘအမည်/ အလုပ်အကိုင် - ဦးထွန်းရင်/ ကချင်ပြည်နယ်ဦးစီးအဖွဲ့ဝင် (နိုင်ငံရေးပင်စင်စား)
၁၁။ အမိအမည်/ အလုပ်အကိုင် - ဒေါ်နန်းမွေးရှိန် (မှီခို)
၁၂။ ခင်ပွန်းအမည်/ အလုပ်အကိုင် - ဦးမျိုးမြင့်၊ မော်ကွန်းထိန်း (ကွန်ပျူတာတက္ကသိုလ် - မြစ်ကြီးနား)
၁၃။ သားသမီး အမည်/အလုပ်အကိုင် - မောင်ကျော်ကျော်မျိုးခိုင်၊ EC - (အစိုးရနည်းပညာကောလိပ် - မိုးညှင်းမြို့)
၁၄။ နေရပ်လိပ်စာ - မြို့သစ်ရပ်ကွက်၊ အမှတ် (၂၄၀)၊ မြစ်ကြီးနားမြို့။

**ဒေါ်ခင်အုန်း၏ ကိုယ်ရေးအကျဉ်း**

**ပညာရေး မှတ်တမ်း**

- ဒေါ်ခင်အုန်းသည် သူငယ်တန်းမှ ဒသမတန်းအထိ မြစ်ကြီးနားမြို့ အ. ထ. က (၃)တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ခဲ့သည်။
- ၁၉၇၅ - ၇၆ ခုနှစ်တွင် မြစ်ကြီးနားကောလိပ်၊ ၁၉၇၇ - ၇၈ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.Sc (Physics) (Q) ဘွဲ့ရရှိခဲ့သည်။
- ၁၉၉၂ - ၉၃ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့ရရှိခဲ့ပါသည်။

**အလုပ်အကိုင် မှတ်တမ်း**

-၁၉၇၉ မှ ၁၉၉၁ အထိ (မူလယ်၊ထက်)ပြ ဆရာမအဖြစ် မြစ်ကြီးနား အမက(၁၃)၊ အလက(၁) နှင့် မိုးကောင်း အထက(၁)တို့တွင်လည်းကောင်း၊
- ၁၉၉၂ မှ ၁၉၉၄ ခုနှစ်တွင် လ/ထနည်းပြ စက်မှုအထက်တန်းကျောင်း(မြစ်ကြီးနား)တွင်လည်းကောင်း။
- ၁၉၉၅ မှ ၂၀၁၇ အထိ နည်းပြ/သင်တန်းမှူး။ ကျောင်းအုပ်ကြီးအဖြစ် အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၊ မြစ်ကြီးနားတွင် သက်ပြည့်ပင်စင်ယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

**နိုင်ငံရေး/လူမှုရေး လုပ်ငန်းများ**

- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အိမ်တွင်းမှုသက်မွေး ပညာသင်ကျောင်း (မြစ်ကြီးနားမြို့)တွင် ကျောင်းအုပ်ကြီး တာဝန်ထမ်းဆောင်စဉ် (၂၀၁၂ မှ ၂၀၁၇) ကာလတွင် နယ်မြေလုံခြုံရေးအရ ခေတ္တပြောင်းရွှေ့လာသူများ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် မြစ်ကြီးနားမြို့ရှိ ကယ်ဆယ်ရေး စခန်းများ၊ ဝိုင်းမော်မြို့ရှိ ကယ်ဆယ်ရေးစခန်းများတွင် စက်ချုပ်သင်တန်း၊ အစားအစာသင်တန်း၊ ဇာထိုး၊ ပန်းထိုးသင်တန်းများ ဖွင့်လှစ်၍ သင်ကြားပေးခဲ့သည်။

Salai

# ဖားကန့်တွင် ရေမဆေးကျောက် ရှာသူများကို ရဲတပ်ဖွဲ့က ဟန့်တားရာ လူသုံးဦး ထိခိုက်ဒဏ်ရာရရှိ

မြစ်ကြီးနား၊ ဩဂုတ် ၆

ဖားကန့်မြို့နယ်၊ ဆိပ်မူ ကျေးရွာအုပ်စု၊ နမ့်မော်ကျေးရွာအနီးရှိ ရတနာစန်းရွှင်လုပ်ကွက်အတွင်း စက်တင်ဘာလ ၆ ရက်နေ့ နံနက်ပိုင်းက ရေမဆေးကျောက်ရှာဖွေသူများနှင့် လုပ်ကွက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေမဆေးသမားများက အထက်ပါ ကုမ္ပဏီလုပ်ကွက်အတွင်း ကျောက်စိမ်းဝင်ရောက်ရှာဖွေရန် ကြိုးပမ်းခဲ့ရာမှ လုပ်ကွက်လုံခြုံရေးရဲတပ်ဖွဲ့ ရဲတပ်ရင်း(၃၀)မှ ပစ်ခတ်ဟန့်တားမှုကြောင့် ရေမဆေးသမားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း လုပ်ကွက်အတွင်း ရောက်ရှိနေသည့် အမည်မဖော်လိုသူ ရေမဆေးသမားတစ်ဦးက ပြောသည်။

ယင်းပစ်ခတ်မှုကြောင့် ကောင်စံကျေးရွာမှ အထက်ပါရေမဆေးသမား၏ မိတ်ဆွေကိုအောင်မြတ်သည် မျက်လုံးအောက်နားတွင် ကျည်ဆံရှပ်မှန်ခဲ့ပြီး ဖားကန့်မြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

"ရေမဆေးသမားတွေက အဲဒီလုပ်ကွက်ထဲမှာ ကျောက်စိမ်းဝင်ရှာမယ်လုပ်တော့ လုပ်ကွက်စောင့်ရဲတွေက သေနတ်နဲ့ ခြောက်လှန့်ပစ်ခတ်တယ်။ ဒဏ်ရာရသူတော့ ရှိတယ်"ဟု အထက်ပါရေမဆေးသမားက ပြောသည်။

ဖားကန့်ကျောက်စိမ်းတွင်း ဒေသအတွင်း လုပ်ကွက်စောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ရေမဆေးကျောက်ရှာဖွေသူတို့ မကြာခဏ ပဋိပက္ခဖြစ်ပွားလေ့ရှိပြီး ၂၀၁၇ ခုနှစ်အတွင်း ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ရေမဆေးသမား ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး ယခုပစ်ခတ်မှုသည် ၂၀၁၈ ခုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ဖြစ်သည်။

ယခုအချိန်သည် ကျောက်မျက်တူးဖော်ရေးရာသီ အစကာလဖြစ်ပြီး ရေမဆေးနှင့် ကုမ္ပဏီအကြား အငြင်းပွားမှုဖြစ်လွယ်သည့် အချိန်လည်း ဖြစ်သောကြောင့် ထိုသို့ပစ်ခတ်မှုများဖြစ်ပွားလေ့ရှိသည်။

စည်သူ(မြစ်ကြီးနား)



# တုတ်ထိုး အိုးပေါက် ချာနယ် စကားဝိုင်း

**တုတ်ထိုး** - လူတွေဟာ ခက်တယ်။ အပြုသဘောထက် အဖျက်သဘောတွေ၊ အပျက်သဘောတွေ များနေတယ်။
**အိုးပေါက်** - ဘာတွေဖြစ်လို့ ဘာတွေ ပျက်နေတာတုန်းဗျ။

**တုတ်ထိုး** - မြို့ထဲက နာရီစင်ကြီးကြည့်ပြီးစိတ်မကောင်းဖြစ်နေတာ။ နာရီစင်မှာရှိတဲ့ နာရီတွေဟာ ကွဲကြတယ်။
**အိုးပေါက်** - အချိန်တန်လို့ ပျက်ချိန်တန်ပျက် ကွဲချိန်တန်ကွဲနေတာ မဟုတ်ဘူးလား။

**တုတ်ထိုး** - ပျက်ချိန်တန်လို့ ပျက်တာထက် ဖျက်ဆီးပျက်စီးနေတဲ့ လက္ခဏာဗျ။
**အိုးပေါက်** - ဘယ်သူတွေက များ ဖျက်လိုဖျက်ဆီး လုပ်နေကြပါလိမ့်။

**တုတ်ထိုး** - ဒါတော့ မသိဘူး။ ဒါပေမဲ့ ဒါဟာ မကောင်းဘူး။ လူတချို့က မြို့ကို လှအောင်၊ တိုးတက်အောင် ဆောင်ရွက်နေကြချိန် လူတချို့က မြို့ကို ဖျက်ဆီးနေကြတယ်။ ဒါဟာ အဖျက်စိတ်ပဲ။ ကိုယ်ပျော်ချင်တဲ့စိတ်နဲ့ အများကိုနှောင့်ယှက်တာ၊ အများပိုင်ပစ္စည်းကို ဖျက်ဆီးတတ်တာ စိတ်ရောဂါတစ်မျိုးပဲဗျ။
**အိုးပေါက်** - ကိုယ့်လိုဘစိတ်တစ်ခုအတွက် အများရဲ့ပစ္စည်းဥစ္စာကို လုယူတာ၊ လူသတ်တာ၊ ခိုးတာ၊ ဒါတွေဟာ ကိုယ်ကျင့်တရား ပျက်စီးနေတာပဲ။ ကိုယ်ချင်းစာ တရားတွေ၊ မေတ္တာတရားတွေ ခေါင်းပါးနေကြတယ်။ အဲဒီ အကျင့်စာရိတ္တ ပျက်ပိုး၊ ဖျက်ပိုး လူတွေရဲ့ စိတ်နှလုံးသားထဲ ကိန်းဝင်နေရင်စပါးဖျက်ပိုးကစပါးစေ့အိမ်ထဲ ဝင်နေသလိုမျိုးပဲ အဲဒီစပါးဖျက်ပိုးကို သတ်ရခက်တယ်။ ပိုးသတ်ဆေး ဖျန်းလို့လည်း မရဘူး။ စိတ်ဓာတ်တွေ ခေါက်ရိုးကျိုးနေတော့ တိုင်းပြည်ကြီးလည်း ဆင်းရဲတွင်းထဲက ထွက်ဖို့ မလွယ်ဘူး။

**တုတ်ထိုး** - ဟုတ်တယ်။ စိတ်ဓာတ်တွေကို ကျုပ်တို့အားလုံး ပြင်ရမယ်။
**အိုးပေါက်** - ဟုတ်တယ်။ ဆည်မြောင်းတာတမံတွေကို ပြင်ဆင်ထိန်းသိမ်းစရိတ်ဆိုတဲ့ ခေါင်းစဉ်နဲ့ နှစ်စဉ် ပြည်သူ့ဘဏ္ဍာငွေကျပ် ဘီလျံပေါင်းများစွာ တောင်းနေတဲ့တိုင် လက်တွေ့မှာတော့ ဆည်မြောင်းတာတမံတွေက လုံခြုံစိတ်ချမှု မရှိဘူး။ စိုးရိမ်စရာအနေအထားတွေမှာ ရှိနေတယ်။ နှစ်စဉ်တိုင်း ပြင်ဆင်စရိတ်တောင်းတယ်။ ဘီလျံပေါင်းများစွာ သုံးစွဲတယ်လည်း ဆိုတယ်။ ဘာတွေ ပြင်တာလဲ။ ဘယ်မှာလဲ လုံခြုံစိတ်ချမှု။ ဘတ်ဂျက်တွေ ဘယ်ရောက်ကုန်တာလဲ။ ဥပဒေကို မလိုက်နာဘဲ ဘတ်ဂျက်ငွေတွေ ဖြောင်နေကြတဲ့ သူတွေရှိရင်လည်း တိုင်းပြည် မတိုးတက်ဘူး။

**တုတ်ထိုး** - ခင်ဗျားပြောလည်းပြောစရာပဲ။ ၂၀၀၂ခုနှစ်က စတင်ခဲ့တဲ့ မြစ်သာရေလှောင်တမံစီမံကိန်းနဲ့ ပတ်သက်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် တင်ပြတောင်းခံငွေဟာ ၁၄ ဒသမ ၃၇၁ ဘီလျံရှိသတဲ့။
**အိုးပေါက်** - ဆွာချောင်းရေလှောင်တမံ ကျိုးပေါက်မှုဖြစ်စဉ် ကြည့်ဗျာ။ ဘီလျံပေါင်းများစွာ သုံးစွဲတယ်။ ဘယ်မှာလဲ လုံခြုံစိတ်ချမှု။ ဘယ်မှာလဲ ဘတ်ဂျက်ငွေ။

**တုတ်ထိုး** - ဒီဖျက်ပိုးတွေကိုလည်း တိုက်ဖျက်ကြရမှာပါပဲ။ ပြီးတော့ တရားဥပဒေစိုးမိုးမှု တရားစီရင်ရေး
**အိုးပေါက်** - ဟုတ်တယ်။ တရားစီရင်ရေးဆိုတာ နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီးသုံးရပ်ထဲမှာ တစ်ရပ်အပါအဝင်ပဲ။ တရားစီရင်ရေးဟာ မျှတရမယ်။ တန်းတူညီမျှမှု ရှိရမယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း အလေးထားကြရမယ်။

**တုတ်ထိုး** - တရားဥပဒေစိုးမိုးရေးကတော့ ကိုယ်ဖြစ်ကိုယ်ခံပဲ။ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်မြို့ရွာမဆို တရားဥပဒေစိုးမိုးရေးကတော့ ဘာမှမဖြစ်ရင် ဘာမှမဖြစ်ဘူးရယ်။
**အိုးပေါက်** - ကျုပ်မိတ်ဆွေတစ်ယောက်ဆို အမြဲပြောတယ်။ မင်းတို့မြစ်ကြီးနားကို မလာရဲဘူးကွာတဲ့။ လုယက်မှုတွေ ပေါတယ်။ လူသတ်မှုတွေ ပေါတယ်။ မူးယစ်ဆေးဝါးတွေ ပေါသတဲ့။

**တုတ်ထိုး** - စိတ်မကောင်းဘူးဗျာ။
**အိုးပေါက်** - ကျုပ်လည်း ပြန်ပြောလိုက်တယ်။ မင်းတို့မန္တလေးလည်း ငါ မလာရဲဘူးလို့။ လာရင်လည်း သေနတ်ခါးချိတ်ပြီးမှ လာမယ်။ နံချပ်ကူယူခဲ့ပြီးမှ လာမယ်။ ဗန်းတိုဗန်ရှည်တွေ အကုန်သင်ပြီးမှ လာမယ်လို့။

**တုတ်ထိုး** - ဘာလို့တုန်း။
**အိုးပေါက်** - သူတို့မန္တလေးလည်း ကျုပ်တို့ မြစ်ကြီးနားလိုပဲ တရားဥပဒေစိုးမိုးမှု မရှိဘူးလေ။

**တုတ်ထိုး** - မန္တလေးခရိုင်အတွင်းမှာတော့ မှုခင်းကျဆင်းရေးနဲ့ လျော့ကျရေးအတွက် သိမ်းငှက်စစ်ဆင်ရေး စီမံချက်နဲ့ လှုပ်ရှားနေကြတယ် မဟုတ်လား။
**အိုးပေါက်** - သိမ်းငှက်လည်း လေးနဲ့ပစ်ပြီး ကြော်စားခံရပုံရပါတယ်။ ဇွန်လ ၂၅ ရက်ကနေ ဩဂုတ်လ ၂၄ ရက်နေ့အထိ မန္တလေးမှာ မူးယစ်ဆေးဝါးအမှု၊ လောင်းကစားမှု၊ လက်နက်မှု၊ ပြည့်တန်ဆာမှု စတဲ့ အမှုပေါင်း ၂၅၃၉ မှုကို ဖော်ထုတ်နိုင်ခဲ့သတဲ့ဗျ။ ဒါပေမဲ့ စီမံချက်က မအောင်မြင်ဘူး ပြောရမယ်။ နေ့ခင်းကြောင်တောင်မှာ သေနတ်ပစ်ခတ်ပြီး ပစ္စည်းလုယက်တယ်။ ညအချိန်မှာ ဓါးခုတ်မှု ဖြစ်ပွားနေတယ်။ မန္တလေးလည်း ကျီးလန့်စာစားဖြစ်နေရရှာတယ်။

**တုတ်ထိုး** - စီးပွားရေးအကျပ်အတည်း၊ ငြိမ်းချမ်းရေးအကျပ်အတည်း၊ သဘာဝဘေးအကျပ်အတည်း၊ စုံလို့ပါပဲဗျ။ ဝါးလုံးခေါင်းထဲ ဆင်တိုးနေရတာပါပဲ။ စိန်ခေါ်မှုတွေက အများကြီး။
**အိုးပေါက်** - ကျုပ်တို့နိုင်ငံရဲ့ အခြေအနေအကျပ်အတည်းကို မန်ယူနည်းပြကြီး မော်ရင်ဟိုတောင် သိတယ်။ သူကပြောတယ်။ သတင်းသမားတွေနဲ့ တွေ့ဆုံတော့ နည်းပြကြီးမော်ရင်ဟိုက ပြောတယ်။ ခင်ဗျားတို့ သတင်းတွေကို ကြည့်လိုက်ပါ။ မြန်မာနိုင်ငံရဲ့ သတင်းတွေကို တွေ့ရပါလိမ့်မယ်။ သူတို့ကမှ တကယ်ခက်ခဲတဲ့အခြေအနေတွေကို ရင်ဆိုင်ကျော်ဖြတ်နေရတာပါ။ မန်ယူနဲ့ ကျွန်တော်က အဲဒီလောက် မဆိုးသေးပါဘူး"တဲ့

**တုတ်ထိုး** - ကျုပ်တို့တိုင်းပြည်အခြေအနေကို ကမ္ဘာကသိတဲ့သဘောပဲ။
**အိုးပေါက်** - ကျုပ်တို့ တိုင်းပြည်ရဲ့ အကျပ်အတည်းအခြေအနေကို နားလည်သဘောပေါက်ပြီး တိုင်းပြည်အတွက် တိုးတက်အောင်၊ ငြိမ်းချမ်းအောင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုတယ်။

**တုတ်ထိုး** - ရွေးကောက်ပွဲနီးမှ တိုင်းပြည်အတွက် ဆောင်ရွက်နေပါတယ် စိတ်မျိုးနဲ့ ဖွဲမီးစိတ်ဓာတ်မျိုးနဲ့ နေရာမယူကြပါနဲ့။ နေရာရပြီးကြတဲ့အခါမှာလည်း တကယ်ဆောင်ရွက်ကြပါ။ ရွေးကောက်ပွဲ ရှုံးတဲ့အခါမှာလည်း တစ်ဖက်ပါတီအပေါ်၊ပြိုင်ဘက်အပေါ် သဘောထားကြီးကြပါ။ ပံ့ပိုးကူညီဖေးမပြီး မိတ်ဆွေစိတ် ထားကြပါ။ အသွင်မတူလို့ဆိုပြီး ရန်သူလို သဘောမထားကြပါနဲ့။
**အိုးပေါက်** - ကိုင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွေအတွက်ပါ ယှဉ်ပြိုင်နေကြတဲ့ အမတ်လောင်းတွေ ကြားသိတော်မူကြပါစေဗျာ။

**တုတ်ထိုး** - ဒါနဲ့ နေပါဦးဗျာ။ ပြီးခဲ့တဲ့ တနင်္လာနေ့သတင်းတစ်ပုဒ်က အားလုံးကို မှင်သက်သွားစေခဲ့တယ်။
**အိုးပေါက်** - ဘယ်သတင်းတုန်း။

**တုတ်ထိုး** - ရိုက်တာသတင်းထောက် ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ကို မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)နဲ့ ထောင်ဒဏ်ခုနစ်နှစ်ကျခံစေဖို့ အမိန့်ချမှတ်လိုက်တယ်။ အဲဒီထောင်ဒဏ်မှာ ချုပ်ရက်တွေကို ထုတ်နှုတ်ခံစားခွင့် ပြုထားတယ်။ သတင်းထောက်နှစ်ယောက်ရဲ့ ရှေ့နေတရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်က အမိန့်ချမှတ်အပြီးမှာ ပြောထားတာရှိတယ်။ "ကျွန်တော်တို့ဘက်က အယူခံအပါအဝင် ရှေ့နေလုပ်စရာရှိတာ အကုန်လုပ်မယ်"တဲ့ဗျ။
**အိုးပေါက်** - ဝေဖန်သံတွေကတော့ ဆူညံနေတာပါပဲ။

**တုတ်ထိုး** - ဟုတ်တယ်။ အင်မတန် စိတ်ပျက်စရာကောင်းတဲ့ စီရင်ချက်၊ ဒီမိုကရေစီနဲ့ လွတ်လပ်စွာထုတ်ဖော်မှုတရားဥပဒေစိုးမိုးရေးအခြေတွေမှာ ဆိုးရွားနေတာကို ပြသရာရောက်တဲ့အကြောင်း နစ်နာဆုံးရှုံးမှုတွေရှိပြီး သတင်းထောက်နှစ်ဦး လွတ်မြောက်ရေးအတွက် လုပ်ဆောင်သွားမယ်လို့ တရားလွှတ်တော်ရှေ့နေဦးသန်းဇော်အောင်က ပြောခဲ့တယ်ဗျ။ ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ဟာ အင်းဒင်ကျေးရွာမှာ ဘင်္ဂါလီ(၁၀)ဦး အသတ်ခံရမှုနဲ့ ပတ်သက်ပြီး စုံစမ်းရေးသား ဖော်ထုတ်ခဲ့တဲ့သူတွေပဲ။ အင်းဒင်ကျေးရွာ ကိစ္စနဲ့ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကလည်း အဲဒီအကြမ်းဖက် ၁၀ ဦးအပေါ် ပြစ်မှုကျူးလွန်ခဲ့တဲ့ တပ်မတော်သားနှစ်ဦးကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့တဲ့အကြောင်း လုပ်ထုံးလုပ်နည်း စည်းမျဉ်းတွေနဲ့အညီ အရေးယူထားကြောင်း ဧပြီ ၁၀ ရက် ညပိုင်းက သတင်းထုတ်ပြန်ခဲ့တာ တွေ့ရတယ်။
**အိုးပေါက်** - ဒီကိစ္စနဲ့ပတ်သက်ပြီး ကမ္ဘာနဲ့အဝန်းကတော့ပြင်းပြင်းထန်ထန် တုံ့ပြန်ကြတယ်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး "စကော့မာစီယယ်"က ပြောတယ်။ "ဒီလုပ်ငန်းစဉ်ဟာ မြန်မာပြည်သူတွေ သူတို့ရဲ့ တရားရေးစနစ်အတွင်း နေထိုင်ရတဲ့ ယုံကြည်မှုကို တိုးစေမလား၊ လျော့စေမလားရယ်လို့ တစ်စုံတစ်ယောက်က မေးမြန်းလာတဲ့အခါ အကြီးအကျယ်ဒုက္ခတွေ့ရပါလိမ့်မယ်"တဲ့။

**တုတ်ထိုး** - တပ်မတော်နဲ့ ပတ်သက်တဲ့ သတင်းတွေ၊ တခြားဂျာနယ်လစ်တွေ အပေါ်မှာရော ရေးရဲရေးကြည့်ဆိုပြီး ပြင်းပြင်းထန်ထန် သတိပေးလိုက်သလိုပါပဲ။
**အိုးပေါက်** - ခင်ဗျားကို ကြားဖူးနားဝတစ်ခု ပြောပြမယ်။

**တုတ်ထိုး** - ပြောစမ်းပါဦး။
**အိုးပေါက်** - တစ်ခါကတဲ့ လူတစ်ယောက်ဟာနိုင်ငံတော်အကြီးအကဲကို အသုံးမကျတဲ့သူလို့ပြောပြီး အဖမ်းခံရသတဲ့။

**တုတ်ထိုး** - အသုံးမကျတာကို အသုံးမကျဘူးလို့ ပြောတဲ့ အမှုပေါ့လေ။
**အိုးပေါက်** - ရုံးတင်စစ်ဆေးပြီးတဲ့နောက်တော့ ထောင်ဒဏ်ချလိုက်တယ်။

**တုတ်ထိုး** - ကိုဝလုံးတို့လို ခုနစ်နှစ်လား။
**အိုးပေါက်** - ခုနစ်နှစ်မကဘူး။ အခုဟာက။ ဆယ့်ခြောက်နှစ်။

**တုတ်ထိုး** - များလှပါလား။
**အိုးပေါက်** - အဲဒါကြောင့် သတင်းထောက်တွေက တရားသူကြီးကို မေးတယ်။ ဘာဖြစ်လို့ ဒီလောက်ကြီးလေးတဲ့ အပြစ်ကို ပေးရသလဲပေါ့။ ဒီတော့ တရားသူကြီးက ပြန်ဖြေတယ်။

**တုတ်ထိုး** - အဲဒါတွေက ချမှတ်ခိုင်းလိုက်တာလို့ ဖြေလိုက်သလား။
**အိုးပေါက်** - ခင်ဗျားက ဘေးကနေ တုတ်နဲ့ထိုးနေပြန်ပါပြီ။ အခုတရားသူကြီးက ဘယ်လိုပြန်ဖြေလဲဆိုတော့ "နိုင်ငံတော်အကြီးအကဲကို စော်ကားတဲ့ပြစ်ဒဏ်က ခြောက်နှစ်။

**တုတ်ထိုး** - ဒါဆို ကျန်တဲ့ဆယ်နှစ်က. . .။
**အိုးပေါက်** - နိုင်ငံတော်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ကောင်လုပ်တဲ့အတွက် ဆယ်နှစ်တဲ့။

**တုတ်ထိုး** - ဘယ်နိုင်ငံမှာလဲဟင်။ မြန်မာနိုင်ငံမှာတဲ့လား။
**အိုးပေါက်** - ချီကာဂိုနိုင်ငံမှာပါခင်ဗျာ။

**တုတ်ထိုး** - ဟွန်း။ ချီကာဂိုကယ်လို့ပေါ့ကွာ။
**အိုးပေါက်** - ဟဲ ဟဲ ဟဲ ဟဲ။ ။

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( စက်တင်ဘာ ၁၀ ၊ ၂၀၁၈ )

# ကသာက ဇာတ်လမ်းတစ်ပုဒ်

အင်ခိုင်ဘွမ်



မသူသာ ရှိသေးလျှင် ယခုဆို အသက် ၁၀၀ ခန့်ရှိတော့မည်။ မသူမဟုတ်ပဲ အဘွားသူဖြစ်နေပေမည်။ သို့သော် မသူမရှိလောက်တော့ပြီ။ ထို့အတူ မောင်ကြင်ဆွေလည်း မရှိတော့ပြီ။ မောင်ကြင်ဆွေသည် လွတ်လပ်ရေးမရမီ ကက်စ်ဘီခေတ်(၁၉၄၇)တွင် ဆန်ကုန်သည်အဖြစ် ကသာ၊ မြစ်ကြီးနားတွင် ကျင်လည်ခဲ့သည်။ သို့သော် ကုန်ကြွေးရှုံး၍ ကသာမြို့တွင် သောင်တင်နေခဲ့သည်။ မီးရထားဝန်ထမ်းများ မိတ်ဆွေများနှင့်အတူ မီးရထားဝင်းတွင် နေထိုင်ရင်း ရစရာရှိသော အကြွေးများကို စောင့်နေခဲ့သည်။

မောင်ကြင်ဆွေသည် မိတ်ဆွေများ မီးရထားထွက်တိုင်း မြစ်ကြီးနားသို့လိုက်သွားပြီး စီးကရက်ဝယ်ကာ ကသာတွင် ပြန်ရောင်းသည်။ ထိုစဉ်က မဟာမိတ်တပ်များ မြစ်ကြီးနားတွင်ရှိသေးရာ ထိုတပ်မှထုတ်ရောင်းသော အလိပ် ၅၀ ဝင် ဂိုးလ်ဖလိပ်သံဘူးတစ်ဘူးလျှင် သုံးကျပ်ခွဲနှင့် ရသည်။ မောင်ကြင်ဆွေက ကသာတွင် ၄ ကျပ်ဖြင့် ပြန်ရောင်းခဲ့သည်။ ထိုသို့နေစဉ် မြစ်ကြီးနားဘူတာရုံတွင် ဆမားကြီးကိုတွေ့ခဲ့ရသေးသည်။ အဝတ်အစားမှာ ကချင်ဆင်းရဲသားများနှင့် ဘာမျှမခြား၊ ပုဆိုးဒူးခေါင်းလောက်နှင့် ခြေထောက်မှာ ဖိနပ်မပါ။ တစ်နေ့ ကသာတွင် မသူဆိုသည့် မိန်းကလေးသည် မိန်းမထိန်း အောင်သင်းထံမှ ထွက်ပြေးခဲ့သည်။ ယမန်နေ့ညက လူကြီးတစ်ဦးဖြင့် ဇွတ်နေခိုင်းသဖြင့် အောင်သင်းကို သနပ်ခါးတုံးဖြင့်ထု၍ ထွက်ပြေးလာခြင်းဖြစ်သည်။ အောင်သင်းကြီးက ကားဂိတ်တွင် လိုက်ရှာသည်။ မတွေ့။ ထို့နောက် ဘူတာရုံသို့လိုက်လာခဲ့သည်။

မသူသည် နဘားမှတစ်ဆင့် အင်းတော်သို့ ထွက်ပြေးရန် ရထားပေါ်တွင် စောင့်နေသည်။ ထိုအကြောင်းကို အောင်ခွေးက မောင်ကြင်ဆွေကို ပြောလိုက်သည်။ "ရထားပြတင်းပေါက်မှ ကောင်မလေး၏မျက်နှာကို ကျွန်တော်လှမ်းကြည့်၍ အောင်ခွေးပြောတာတွေကို ကျွန်တော်စဉ်းစားလိုက်တော့ ဤမိန်းကလေးအား သနားစိတ်တွေ ကျွန်တော့်ရင်ထဲမှာ ပေါ်လာသည်" ဟုမောင်ကြင်ဆွေကမှတ်တမ်းတင်ခဲ့သည်။ မောင်ကြင်ဆွေသည် မသူကို ရထားအိမ်သာတွင် ပုန်းနေစေသည်။ အောင်သင်းကြီးသည် ဟိုဟိုဒီဒီရှာ၍ မတွေ့တော့ အိမ်သာတံခါးကို တဖြန်းဖြန်းပုတ်သည်။ တဒုန်းဒုန်း ထုတော့သည်။ "ခင်ဗျား မိုက်ရိုင်းလှချည်လား၊ မိန်းကလေးတစ်ယောက် အိမ်သာထဲဝင်နေတဲ့ဟာကို"ဟု မောင်ကြင်ဆွေက ဟန့်တားလိုက်သည်။ အကြောင်းသိသော ပရိသတ်ကြီးကလည်း ဝိုင်းကြည့်နေကြပြီ။

"ကျွန်တော် သူနဲ့တစ်ယောက်ချင်းချမယ်၊ သူ့ဘက်က ဒီပြင်လူဝင်ကူရင်သာ တားပေး"ဟု မောင်ကြင်ဆွေက သူ့မိတ်ဆွေကို လှမ်းပြောလိုက်သည်။ အဆုံးတွင် အောင်သင်းကြီးမှေ့သွားသည်အထိ မောင်ကြင်ဆွေက တိုက်ခိုက်နိုင်ခဲ့သည်။ ထို့ကြောင့် မသူကို မောင်ကြင်ဆွေ ပိုင်ဆိုင်လိုက်ရသည်။ မသူက ဘယ်ခေါ်သွားမှာလဲဟု မေးလိုက်သည်။

မောင်ကြင်ဆွေက "မြစ်ကြီးနားကို"ဟု ပြောလိုက်သည်။ မသူနှင့် မောင်ကြင်ဆွေသည် အကြင်လင်မယားအဖြစ် ကသာတွင်နေထိုင်ခဲ့ကြသည်။ မသူသည် မောင်ကြင်ဆွေကို ချစ်ခင်ကြင်နာပြုစုယုယခဲ့သည်။ ကသာ-မြစ်ကြီးနားကို အရောင်းအဝယ်လုပ်ကြသည်။"

ကသာမြို့ကလေးတွင် မသူအား မိန်းမပျက်ကလေးအဖြစ်နှင့် သိထားကြပြီဖြစ်၍ ပထမတွင် ကျွန်တော်တို့သုံးယောက်၏ ဘုံမယားလေးအဖြစ် အောက်မေ့ကြကုန်သည်။ သို့သော် ကျွန်တော်မိတ်ဆွေနှစ်ယောက် သဘောထားမှာ စင်စစ် သန့်ရှင်းပါပေသည်" ဟု မှတ်တမ်းတင်ခဲ့သည်။ မောင်ကြင်ဆွေလည်း သူ့တွင် မိန်းမနှင့် သားသမီးများရှိကြောင်းဖွင့်ပြောလိုက်သည်။ မသူက နားလည်မှုပေးခဲ့သည်။ ခြောက်လခန့်ပေါင်းသင်းကြပြီးနောက် မောင်ကြင်ဆွေကို အိမ်က အခေါ်လွှတ်တော့သည်။ အကြွေးမရရင်လည်း နေတော့ဟုဆိုကာ အကြိမ်ကြိမ်ခေါ်နေသဖြင့် ပေါင်းတည်သို့ပြန်ခဲ့ရသည်။ မသူနှင့် ခေတ္တဆက်ဆံနေရုံ မဟုတ်တော့ဘဲမေတ္တာ၊ကရုဏာ၊သမုဒယများပွား၍နေခဲ့ရာ နှစ်ဦးစလုံးပင်ရင်နင့်အောင် ခံစားခဲ့ကြရသည်။ မသူ၏နှုတ်ဆက်စာတွင် "အမောင်မရှိတဲ့နောက် ကျွန်မလည်း ဒီဘူတာဝင်းထဲက ဝေးတဲ့နေရာ သွားတော့မယ်။ လူ့ဘဝဆိုတာ ဒီလိုပဲ ဆန်ဆုံစား၊ ကံကုန်သွားကြတာပါပဲ၊ အမောင်ရေ၊ သွားတော့ သွားတော့"ဟု ဆိုခဲ့သည်။ မောင်ကြင်ဆွေသည် မသူနဲ့လည်းဝေး၊ စီးပွားရေးလည်းအဆင်မပြေ၊ မိသားစုဘဝလည်းမသာယာချိန်တွင် ဘရန်ဒီတစ်ပုလင်းဝတ္ထုနှင့် အောင်မြင်သော စာရေးဆရာ သော်တာဆွေ ဖြစ်ခဲ့တော့သည်။ သို့သော် မသူကို မမေ့နိုင်။ ၁၉၅၀တွင် ချစ်ပန်းနှစ်ခိုင်အမည်ဖြင့် သူတို့နှစ်ဦးအကြောင်းကို ဝတ္ထုရေးခဲ့သည်။ သို့သော် အားမရသေးဘဲ ချစ်သောသဂီ၊ ဆန်ဆုံစားကံကုန်သွား အမည်များဖြင့် ထပ်မံရေးသားခဲ့ပြန်သည်။ ချစ်ဦးသက်လျာနှင့်နှောင်းချစ်သူ ဝတ္ထုလည်း ထပ်ထွက်ခဲ့ပြန်သည်။ နောက်ဆုံး သော်တာဆွေ ကျွန်တော့်ဘဝဇာတ်ကြောင်း စာအုပ်အတွဲများတွင်လည်း မသူနှင့်အကြောင်းများကို ဝတ္ထုတစ်ပုဒ်လုံးနီးပါး ပြန်လည်အမှတ်ရရေးသားခဲ့သည်။ သော်တာဆွေ အသက်အရွယ်ရချိန်တွင် ကသာမြို့သို့ စာပေဟောပြောပွဲသွားရသည်။ မိတ်ဆွေဟောင်းများနှင့် တွေ့ရသည်။ အောင်သင်းကြီးလည်း သေပြီတဲ့။ "ဆန်ဆုံစား ကံကုန်သွားဝတ္ထုဖတ်ရတော့ သော်တာဆွေဟာ ကိုရင်ပဲဆိုတာ ကျုပ်သိရတာပဲ၊ ဟား-ဟား. ." ဟု မိတ်ဆွေက ဆိုခဲ့သည်။ သော်တာဆွေသည် မသူအကြောင်းကို မေးသည်။ သူတို့မသိကြတော့။ စာပေဟောပြောပွဲတွင် သော်တာဆွေသည် မသူကိုရည်စူး၍ သူ၏ဘဝဇာတ်ကြောင်းကို ပြောပြခဲ့သည်။

"ကသာမြို့တွင် သူရှိနေပါက ကျွန်တော့်ထံသို့ ဇကန်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ပါ၏။ သို့သော် မသူသည် ကသာမြို့တွင် မနေတော့ဘူးလား။ သို့မဟုတ် လူ့ပြည်မှာပင် မရှိတော့ဘူးလား။ မသိရ။ ကျွန်တော် ကသာကပြန်လာခဲ့သည်။ မသူကိုတော့ မတွေ့ရတော့ပါပြီတည်း"ဟုမှတ်တမ်းတင်ခဲ့လေသည်။

# မိုးညှင်းမြို့တွင် ပထမဦးဆုံးတည်ဆောက်ထားသော မီးပွိုင့် အသုံးမပြုနိုင်သေးသဖြင့် ဒေသခံများ နားလည်မှုလွဲမှား၍ လမ်းဆုံတွင် ရပ်တန့်စောင့်ဆိုင်းမှုများရှိနေ

မိုးညှင်း၊ စက်တင်ဘာ ၇

ခရိုင်မြို့တော်တစ်ခုဖြစ်သည့် မိုးညှင်းမြို့တွင် ပထမဦးဆုံးတည်ဆောက်ထားသောမီးပွိုင့်ကို တည်ဆောက်ပြီးသော်လည်း ဝါ၊စိမ်း၊နီအချက်ပြစနစ်စတင်အသုံးမပြုသေးဘဲ ယာဉ်များ အရှိန်လျှော့မောင်းရန် မီးဝါတစ်ခုတည်းသာ အချက်ပြထားသဖြင့် ကျောင်းသား/သူများနှင့် ဒေသခံများမှာ နားလည်မှု လွဲမှားပြီး လမ်းဆုံများတွင် ရပ်တန့်စောင့်ဆိုင်းမှုများရှိနေသည်။

"မီးပွိုင့်ရဲ့ သဘောအရ ယာဉ်အသွားအပြန်နဲ့ ဘယ်ကွေ့ညာကွေ့အတွက် လမ်းက ၄ လမ်းရှိနေရပါမယ်။ အခုလက်ရှိ အနေအထားအရ အသွားအပြန် နှစ်လမ်းပဲ ဖြစ်နေသေးလို့ မီးပွိုင့်ကို မဖွင့်သေးဘဲ အချက်ပြမီးအဝါကိုပဲ အရှိန်လျှော့မောင်းနှင်ဖို့ အတွက်ပဲ ဖွင့်ပေးထားပါတယ်"ဟု အမှတ်(၁၀၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးကျော်ကျော်နိုင်က ပြောသည်။

အဆိုပါ လမ်းကူးမီးပွိုင့်မှာ ယာဉ်အသွားအလာ ရှုပ်ထွေးသော မိုးညှင်း၊ အထက(၁) ကျောင်းဘေးလမ်းနှင့် ယခင်ပြည်ထောင်စု လမ်းမကြီးဖြစ်သည့် ရွှေဘို-မြစ်ကြီးနား လမ်းဆုံလမ်း(၄)ခွဆုံရာတွင် ပြုလုပ်ပေးခဲ့ပြီး ယာဉ်ထိန်းအဆောက်အအုံတစ်ခုနှင့် မီးပွိုင့်ဆက်စပ် ပစ္စည်းအားလုံးကို မိုးညှင်းမြို့နယ် စည်ပင်ဘတ်ဂျက် ကျပ်သိန်း(၁၀၀)ဖြင့် တည်ဆောက်ပေးခဲ့ကြောင်း သိရသည်

ယခုနှစ် ဇူလိုင်လမှ စတင်တည်ဆောက်ခဲ့ရာ ဩဂုတ်လတွင် ပြီးစီးနေသော်လည်း လိုအပ်သော လမ်းအကျယ်ဇရိယာချဲ့ထွင်ပေးရန် လိုအပ်နေသေးသဖြင့် တရားဝင်ဖွင့်လှစ်အသုံးမပြုနိုင်သေးခြင်းဖြစ်သည်ဟု မိုးညှင်းစည်ပင်ရုံးမှ သိရသည်။

"အခုတည်ဆောက်ပေးတဲ့ မီးပွိုင့်က ပထမဦးဆုံးအနေနဲ့ လုပ်ပေးခဲ့တာပါ။ အခု လောလောဆယ် လမ်းဦးစီးက လမ်းချဲ့ပေးဖို့ လိုနေပါသေးတယ်၊ လမ်းချဲ့ပြီးမှသာ ဖွင့်လှစ်ပေးနိုင်ပါမယ်၊ လာမယ့် ဘတ်ဂျက်တွေမှာလည်း မြို့အတွင်း သင့်တော်တဲ့နေရာတွေမှာ ဆက်လက်တည်ဆောက်ပေးနိုင်ဖို့ ရှိနေပါတယ်"ဟု မိုးညှင်းစည်ပင်အမှုဆောင်အရာရှိ ဦးကျော်လင်းက ပြောသည်။

အဆိုပါ မီးပွိုင့်တည်ဆောက်ထားသည့် လမ်းဆုံအပါအဝင် မိုးညှင်းမြို့အတွင်း ဖြတ်သန်းသွားသော ရွှေဘို-မြစ်ကြီးနားလမ်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် သီရိဂုဏ်ရှိန်ကုမ္ပဏီမှ မူရင်းလမ်း အကျယ် ၁၈ ပေကို ထပ်မံ၍ လမ်း၏တစ်ဘက်လျှင် ၃ ပေအကျယ်၊ အရှည် ၃ ကီလို မီတာအထိချဲ့ထွင်ရန် တာဝန်ယူထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မိုးညှင်းမြို့နယ် လမ်းဦးစီးအရာရှိထံမှ သိရသည်။

"လမ်းအနေအထားအရ မိုးတွင်းဖြစ်နေတာရယ် လမ်းကိုခွင့်ပြုချက်အရ AC ကတ္တရာကွန်ကရစ်လို့ခေါ်တဲ့ နိုင်လွန်ကတ္တရာခင်းရမှာဆိုတော့ မီးပွိုင့်အသုံးပြုနိုင်ဖို့နဲ့ ၄ လမ်းသွားပြီးနိုင်ဖို့အတွက် အချိန်တစ်ခုတော့ စောင့်ရမယ်ထင်တယ်။ တွက်ချက်မှုအရ ၉ လပိုင်းမှာ အပြီးအစီးလုပ်ရမှာဖြစ်ပေမယ့် အခုချိန်အထိ ၁၁ ရာခိုင်နှုန်းပဲ ပြီးစီးနေသေးတယ်"ဟု မိုးညှင်းမြို့နယ်လမ်းဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါ လမ်းချဲ့ထွင်မှုကို ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၁၉ ပထမ ၆ လပတ်အတွင်း မိုးညှင်းမြို့မှ မန္တလေးဘက်သို့အထွက် သိမ်အင်းရပ်ကွက်ရှိ စည်ပင်သာယာပန်းခြံထောင့်မှ စတင်ကာ မိုးညှင်းမြို့မှမြစ်ကြီးနားမြို့ဘက်သို့အထွက် ဆင်ရုပ်ကြီးရှိရာ သံလမ်းကူးအကျော်လမ်းမအထိ ၃ ကီလိုမီတာအရှည်ကို ချဲ့ထွင်ပေးရန် သီရိဂုဏ်ရှိန်ကုမ္ပဏီကိုတာဝန်ပေးအပ်ထားကြောင်း သိရှိရသည်။

ဒေသ၏ လိုအပ်ချက်အရ ကျောင်းသူကျောင်းသားများနှင့် ခရီးဝေးပြေးဆွဲနေကြသော ယာဉ်လိုင်းများမှ နေ့စဉ်ဖြတ်သန်းနေကြသော လမ်းမကြီးဖြစ်နေသောကြောင့် လမ်းချဲ့ထွင်မှုကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ပေးစေလိုနေကြသည်။

ထွန်းထွန်း(မိုးညှင်း)

# မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ

ကျော်ရင်ဦး ရေးသားသည်





အခုတလောကြားနေရတဲ့ သတင်းတွေကတော့ အတော်လေးကို ရင်မောစရာကောင်းလှပါတယ်။ ဖေ့ဘုတ်တည်ထောင်သူ ဇူကာဘတ်ကနေ မြန်မာနိုင်ငံရဲ့ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ ဖေ့ဘုတ်အကောင့်အပါအဝင် စုစုပေါင်း အကောင့်(၁၈)ခု အင်စတာဂရမ်(၁)ခုနဲ့ Page (၅၂) ခုကို ပိတ်ပစ်လိုက်တယ်လို့ ကြားသိရတယ်။ အဲဒီ Page တွေမှာစုစုပေါင်း follower ၁၂ သန်းလောက်ရှိတယ်လို့လည်း ဆိုပါတယ်။

Time မဂ္ဂဇင်းက အဲဒီအကြောင်းကို ဖေ့ဘုတ်ကတာဝန်ရှိသူတစ်ဦး ပေးပို့တဲ့ E mail ကို ကိုးကားပြီး ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပါတယ်။ facebook က အခုနှစ်အစပိုင်းကတည်းက ပြုလုပ်နေကျ၊ ရုံးတွင်းစုံစမ်းစစ်ဆေးမှုမှာ၊ စစ်တပ်နဲ့ ဆက်နွယ်နေတဲ့ အကောင့်တွေ၊ Page တွေတော်တော်များများကို ဖော်ထုတ်နိုင်ခဲ့ပြီး၊ အဲဒီအကောင့်တွေဟာ လွတ်လပ်တဲ့သတင်းစာမျက်နှာတွေအဖြစ် သုံးစွဲသူတွေ ထင်ယောင်ထင်မှားဖြစ်လာအောင်လုပ်ကာ စစ်တပ်လိုလားတဲ့၊ သဘောထားတွေ ဖြန့်ချိတာ၊ ဘင်္ဂါလီတွေ၊ မွတ်ဆလင်တွေနဲ့ ပတ်သက်လို့ မှားယွင်းတဲ့ အကြောင်းအရာတွေကို ရေးသားလှုံ့ဆော်တာတွေ လုပ်ခဲ့တယ်လို့လည်း အီးမေးလ်မှာ ဖော်ပြထားပါတယ်။

ဒီအကောင့်တွေ၊ Page တွေက ရေးသားမှုထက်ဝက်ကျော်ကျော်လောက်က၊ တိုင်းပြည်အတွင်း မငြိမ်းချမ်းမှုတွေဟာ စစ်တပ်ကြောင့်မဟုတ်ဘဲ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အရပ်သားအစိုးရကြောင့် ဖြစ်ကြောင်း ဝါဒဖြန့်တာ၊ ဘင်္ဂါလီနဲ့ မွတ်ဆလင်မုန်းတီးရေး လှုံ့ဆော်တာတွေ လုပ်ခဲ့ကြောင်း၊ Facebook ရဲ့ Community Standard နဲ့ ငြိစွန်းပေမယ့် အဲဒီအကောင့်တွေ၊ Page တွေဟာ၊ စစ်တပ်ရဲ့ လျှို့ဝှက်ဝါဒဖြန့်မှု အစီအစဉ်လို့မှတ်ယူတာကြောင့် ဖယ်ရှားခဲ့တာဖြစ်ကြောင်း၊ Facebook တာဝန်ရှိသူက Time မဂ္ဂဇင်းကို ပေးပို့တဲ့ အီးမေးလ်မှာ ရေးသားထားပါတယ်။

အဲဒီလို အမေရိကန်အစိုးရရဲ့ ဖိအားနဲ့ ဇူကာဘတ်က ပိတ်ခဲ့တဲ့အပေါ်မှာ အပိတ်ခံရသူတွေဟာ ကျေနပ်ပုံမရကြဘူး။ လွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်းဖို့ လုပ်ခဲ့ကြပါတယ်။ တချို့ နိုင်ငံရေးသုံးသပ်သူတွေကတော့ ဇူကာဘတ်ရဲ့ လုပ်ရပ်ကို သူကြီးနဲ့မတည့်တဲ့သူကို ဆယ်အိမ်ခေါင်းက ခေါင်းခေါက်တဲ့ လုပ်ရပ်လို့ တင်စားပြောဆိုကြပါတယ်။ ဇူကာဘတ်ဟာ ဖေ့ဘုတ်ကနေ တစ်ရက်ကို ဝင်ငွေ ဒေါ်လာ ၂၇ သန်းလောက်ရရှိပါတယ်။ မြန်မာနိုင်ငံက လူတချို့ရဲ့ အကောင့်တွေကြောင့် သူ့လုပ်ငန်းကို အထိခိုက်မခံနိုင်တဲ့အတွက် ပိတ်ပစ်လိုက်ရတာလို့လည်း ဆိုကြပါတယ်။ အမှန်ဆို ဖေ့ဘုတ်လုပ်ငန်းကွန်ရက်ဟာ လွတ်လပ်တဲ့ ဒီမိုကရေစီနိုင်ငံ အခြေစိုက် လုပ်ငန်းတစ်ခုမဟုတ်လား။

တစ်နှစ်မှာဝင်ငွေဒေါ်လာ ၁၈ဘီလီယံရှိတဲ့ လုပ်ငန်းတစ်ခုပါ။ ဒါပေမဲ့ ဖေ့ဘုတ်ဟာ လူပုဂ္ဂိုလ်တစ်ဦးချင်း လွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို မလေးစားဘူးလို့ ဆိုနေကြပါတယ်။

ဖေ့ဘုတ်ဟာ နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့မီဒီယာတစ်ခုလို့တောင် ပြောရလောက်အောင်ဖြစ်ခဲ့ပါတယ်။ ဖေ့ဘုတ်ကနေ ဖော်ထုတ်နိုင်ခဲ့တဲ့ အမှုတွေဟာမနည်းလှပါဘူး။ ဖေ့ဘုတ်ဟာ အချိန်နဲ့တစ်ပြေးညီ တစ်နိုင်ငံလုံးအတိုင်းအတာသတင်းတွေကို ဖော်ထုတ်တင်ပြနိုင်ခဲ့ပါတယ်။ တလောလေးက Htoo Htet Htet Aung ဆိုတဲ့ ဖေ့ဘုတ်အကောင့်သုံးစွဲသူဟာ ရန်ကုန်မြို့လယ်ခေါင်ကြီးမှာ ဓားပြတိုက်ခံရဆိုတဲ့ စတေးတပ်ကို သူမအကောင့်ကနေ တင်လိုက်ပါတယ်။ အဲဒီသတင်းကို လူတော်တော်များ like ကြ Share ကြနဲ့ နောက်ဆုံးမှာ မြန်မာ့မီးရထားတာဝန်ရှိသူများအနေနဲ့ ရန်ကုန်ဘူတာကြီးမှာ မိုက်ကြေးခွဲလုပ်စားနေကြတဲ့ လူတွေကို အရေးယူဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒါက ဖေ့ဘုတ်ရဲ့ အစွမ်းကို အကျဉ်းလေးပြောပြတာပါ။ တစ်ခုရှိတာက ဖေ့ဘုတ်မှာ ကောင်းတဲ့သူချည်း ရှိကြတာ မဟုတ်တာပါပဲ။

အဲဒီလို ဖေ့ဘုတ်ကနေ အကောင့်အချို့ကို ပိတ်လိုက်တာနဲ့ မရှေးမနှောင်းမှာပဲ Reuters သတင်း ထောက်ကိုဝလုံးနဲ့ ကိုကျော်စိုးဦးတို့ကို မြန်မာနိုင်ငံ တရားရုံးက ထောင်ဒဏ်ခုနစ်နှစ် ချမှတ်လိုက်တဲ့ သတင်းက ထွက်ပေါ်လာပြန်ပါတယ်။ နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေချိုးဖောက်မှု၊ ပုဒ်မ ၃၊ ၁ (ဂ)နဲ့ ထောင်ချခဲ့တာ ဖြစ်ပါတယ်။ အမေရိကန်က မြန်မာနိုင်ငံစစ်တပ်အကြီးအကဲတွေရဲ့ အကောင့်တွေကို ပိတ်လိုက်တာနဲ့ ရိုက်တာသတင်းထောက် ကိုဝလုံးတို့ကို ထောင်ခုနစ်နှစ်ချလိုက်တဲ့ ဖြစ်စဉ်နှစ်ခုဟာ ဆက်စပ်စဉ်းစားစရာကောင်းလှပါတယ်။ အဲဒီသတင်းထွက်ပေါ်လာတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ မြန်မာနိုင်ငံစာပေနဲ့စာနယ်ဇင်း သတင်းမီဒီယာအသီးသီးမှ ကန့်ကွက်ရှုံ့ချတဲ့ သဘောထားထုတ်ပြန်ချက်တွေကို ထုတ်ခဲ့ကြပါတယ်။ Pen Myanmar က ထုတ်ပြန်တဲ့ သဘောထားမှာ "မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ၏ သတင်းမီဒီယာကျင့်ဝတ်အပိုဒ်(၃)၁တွင် "မီဒီယာဌာနတစ်ခုသည် ပေါက်ကြားလာသော ဌာနဆိုင်ရာနှင့် တခြားသတင်းအချက်အလက်များ (ဥပမာ- နိုင်ငံရေးသမားများနှင့် ပြည်သူ့ဝန်ထမ်းများထံမှ အချက်အလက်များ)ကို အများပြည်သူ အကျိုးစီးပွားဖြစ်စေသည်ဟု ခိုင်လုံပါက လူသိရှင်ကြားထုတ်ဖော်ရမည့် Professional တာဝန်ရှိသည်။ မီဒီယာကျင့်ဝတ်က ဤတာဝန်ဝတ္တရားကို ထောက်ခံသည်" ဟု ဖော်ပြပါရှိသည်။

"နိုင်ငံတကာ လူ့ရပိုင်ခွင့်ကြေညာစာတမ်း အပိုဒ်(၁၉)တွင် လူတိုင်းလွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာဖွင့်ဟ တင်ပြပိုင်ခွင့်ရှိသည်။ ထိုအခွင့်အရေးများအရ မိမိတင်ပြယူဆချက်များကို အနှောင့်အယှက် အဟန့်အတားမရှိ ခံယူကျင့်သုံးပိုင်ခွင့်ရှိသည်။ နယ်မြေပိုင်းခြားမှုမရှိဘဲ သတင်း၊ စာနယ်ဇင်းများမှတစ်ဆင့် သတင်းများ၊ အယူအဆများကို ရှာဖွေဆည်းပူးပိုင်ခွင့်၊ လက်ခံပိုင်ခွင့်နှင့် ဖြန့်ဖြူးပိုင်ခွင့်တို့ရှိသည်ဟု ဆိုထားပါသည်" စသည့်အချက်များကို ကိုးကားပြီး ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်တရားရုံး၏ စက်တင်ဘာ ၃ ရက်နေ့ စီရင်ချက်အား ပြန်လည်စဉ်းစားသုံးသပ်သင့်ကြောင်း သဘောထားထုတ်ပြန်ခဲ့သည်ကို တွေ့ရသည်။

ယခုလို ရိုက်တာသတင်းထောက်နှစ်ယောက်ကိုထောင်ခုနှနှစ်ချမှတ်လိုက်တဲ့အပေါ်မှာ သတင်းမီဒီယာသမားကြားမှာရော ပြည်သူလူထုအတွင်းမှာပါအမြင်တွေ အမျိုးမျိုးထွက်ပေါ်လျက်ရှိပါတယ်။ တချို့က ဒေါ်အောင်ဆန်းစုကြည်ကို ဝိုင်းပြီးပြောကြဆိုကြပါတယ်။ စစ်ဖိနပ်အောက်ရောက်သွားပြီတို့၊ စစ်တပ်က လုပ်သမျှ ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်နေတာဟာ ဒီအစိုးရရဲ့ အာဏာဟာဘယ်မှာလဲတို့နဲ့ဝိုင်းပြီးတိုက်ခိုက်ကြပါတယ်။ အမှန်ကတော့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ လက်ရှိအာရအစိုးရဟာ လုပ်ပိုင်ခွင့်အတိုင်းအတာတစ်ခုအတွင်းကသာ သွားနေရတာပါ။ ဒါကိုလည်း လူတိုင်းသိကြပါတယ်။ လက်ရှိအစိုးရရဲ့ လုပ်ပိုင်ခွင့်မှာ အကန့်အသတ်ရှိပါတယ်။

ဒီနေရာမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ ယိုသမျှချီးပုဇွန်ဆိတ်ခေါင်း ဆိုတာလို အထင်အမြင်လွဲမှု၊ အပြစ်တင်အကဲ့ရဲ့ခံရမှု စတာတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ ဆုတွေပြန်သိမ်းလိုသိမ်း၊ ဓာတ်ပုံတွေဖြုတ်လိုဖြုတ်၊ ဆန္ဒပြတဲ့သူတွေပြနဲ့ ကမ္ဘာအနှံ့က ရှုံ့ချမှုတွေ၊ တစ်ချိန်က သူမကို တလေးတစားရှိခဲ့သူတွေရဲ့ ပစ်ပယ်မှုတွေစတဲ့ ဖိအားများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်သူတွေ ဘာပဲပြောပြော သူမရဲ့ ယုံကြည်ချက်နဲ့ သူမရဲ့ ဆုံးဖြတ်ချက်တွေကိုပြောင်းလဲခြင်း၊ တွန့်ဆုတ်တွေဝေခြင်း မရှိခဲ့ပါဘူး။ သူမက ပြောပါတယ်။ လူ့အခွင့်အရေးကို သူမလေးစားပါတယ်။ ဒါပေမဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးယှဉ်လာရင် နိုင်ငံသားအခွင့်အရေးကို ပိုပြီးဦးစားပေးရလိမ့်မယ်လို့ ပြတ်ပြတ်သားသား ပြောခဲ့ပါတယ်။ အဲဒီလိုစကားများကိုကြားရတဲ့အခါမှာတော့ နိုင်ငံတကာလူ့အခွင့်အရေးသမား ဆိုသူတွေက သူမကိုဆန့်ကျင်ဖို့ ကြိုးစားလာကြပါတော့တယ်။ ပြည်သူလူထုအချင်းချင်းနဲ့ မီဒီယာသမားအချင်းချင်းတွေကြားထဲမှာလည်း ရိုက်တာသတင်းထောက်နှစ်ဦးကိစ္စက သဘောထား ကွဲလွဲနေကြပြန်ပါတယ်။ တချို့က မြန်မာနိုင်ငံရဲ့ဒီမိုကရေစီလမ်းကြောင်းဟာ နောက်ပြန်လှည့်နေပြီလို့ ထင်ကြတယ်။ တချို့ကလည်း သတင်းသမားနှစ်ယောက်ဟာ ကိုယ့်နိုင်ငံအခက်အခဲ အကျပ်အတည်းကြားထဲမှာ ရုန်းကန်နေရချိန် ကိုယ့်နိုင်ငံမကောင်းကြောင်း ကမ္ဘာကိုထုတ်ဖော်ဖွင့်ချတဲ့အတွက် သူတို့ရဲ့လုပ်ရပ်ကို သဘောမကျကြပါဘူး။ မီဒီယာလွတ်လပ်ခွင့် ရှိတယ်၊ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်ရှိတယ် ဆိုပေမယ့် ကိုယ့်နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာမှာ ကျဆင်းအောင် အခက်အခဲတွေ့အောင် ရေးသားဖွင့်ချခဲ့တဲ့အတွက် သူတို့ရဲ့လုပ်ရပ်ကို ရှုံ့ချကြပါတယ်။ တချို့ကလည်း လူမျိုးတုန်းသတ်ဖြတ်မှုဆိုပြီး သူတို့ဖွင့်ချတဲ့ နေရာမှာ မျှတမှုမရှိဘူးလို့ ဆိုပါတယ်။ ရခိုင်အရေးမှာ တိုင်းရင်းသားမျိုးနွယ်စုလေးတွေ၊ ဟိန္ဒူလူမျိုးစုတွေ အများကြီး သတ်ဖြတ်ခံခဲ့ကြရတာကိုတော့ မဖော်ပြဘဲ မြန်မာစစ်တပ်ရဲ့ မကောင်းမှုတွေကိုသာ ရေးသားဖော်ထုတ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အဲဒီအတွက် အခုဖြစ်စဉ်ဟာ အင်မတန်ရှုပ်ထွေးလှတဲ့ ခက်ခဲတဲ့ အခြေတစ်ရပ် ဖြစ်ပါတယ်။

ဒီနေရာမှာ သနားစရာကောင်းတာကတော့ ဒေါ်အောင်ဆန်းစုကြည်ပါပဲ။ လုပ်ပိုင်ခွင့်အနည်းငယ်နဲ့ တိုင်းပြည်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်အောင်မောင်းနှင်နေတဲ့နေရာမှာ အခုလို အရှုပ်အထွေး အခက်အခဲတွေကို ခေါင်းခံပြီးရှင်းနေရတာပါပဲ။ ဒီကြားထဲမှာ ရည်ရွယ်ချက်ရှိရှိနဲ့ နိုင်ငံရေးကစားနေမှုတွေ၊ ကမ္ဘာ့စီးပွားရေးကစားကွက်တွေထဲက မြန်မာ့စီးပွားရေး အကျပ်အတည်းတွေ၊ ငြိမ်းချမ်းရေးနဲ့ ရင်ကြားစေ့ရေးကိစ္စတွေ၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေ စတာတွေကိုရသလောက်အခွင့်အာဏာလေးနဲ့ ကြိုးစားနေရတာပါ။ ဒီလိုအနေအထားနဲ့ နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင်မောင်းနှင်နေတဲ့နေရာမှာပြည်သူလူထုအနေနဲ့ နားမျက်စိကိုရှင်ရှင်ထားဖို့လိုပါတယ်။ သဘောထားမှန်ကန်စွာ ဆုံးဖြတ်တတ်ကြစေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နာမကျန်းဖြစ်နေတဲ့နိုင်ငံပါ။ ဒါကို ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရကနေ နာလံထူအောင် ကြိုးစားနေကြရတာပါ။ အခုအခြေအနေမှာ နိုင်ငံတော်ဟာ မျက်ဖြူဆိုက်ချင်တဲ့ အခြေအနေကို တဖြည်းဖြည်းရောက်လာနေပါတယ်။ အဲလိုသာ ဆိုရင်တော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ စကားပုံလို ဖြစ်သွားနိုင်တဲ့အတွက် နိုင်ငံတော်အတွက် သဘောထားမှန်မှန် ထားတတ်ကြပါစေလို့ တိုက်တွန်းလိုပါတယ်။

# ကချင်ပြည်နယ် မြောက်ဖျားစွန်းနဲ့ သဘာဝနယ်မြေ သတ်မှတ်လိုမှု ပထဝီနိုင်ငံရေးရဲ့လှည့်ကွက်

ကချင်ပြည်နယ်ကြီးဟာ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ သော့်လည်းကောင်း၊ သဘာဝ သယံဇာတ အရသော့်လည်းကောင်း၊ အမျိုးမျိုးသော အရေးပါမှု ပေးနေတဲ့ ပြည်နယ်၊ အရေးကြီးလှတဲ့ ပြည်နယ်တစ်ခုပါပဲ။

ကချင်ပြည်နယ်ဟာ အိန္ဒိယအရှေ့မြောက်ဘက် အာသံ မဏိပူရနဲ့ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်များနဲ့ ထိစပ်နေပြီး တရုတ်နဲ့ဆိုလျှင် အနောက်တောင်ကုန်းတွင်းပိုင်း ရင်ကျန်းနဲ့ယူနန်တို့နဲ့ ဆက်စပ်နေပါတယ်။ ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံရဲ့ အဆင်းရဲဆုံး ပြည်နယ်များနဲ့ ထိစပ်နေခြင်းဟာ ကချင်ပြည်နယ်အတွက် အထူးသတိထားဖို့ပဲ ဖြစ်နေပါတယ်။

တရုတ်တွေရဲ့ OBOR(One Belt One Road) စီမံကိန်းရဲ့ 6th coridor BICM ဟာ လီဒိုလမ်းမအနေနဲ့ ကချင်ပြည်နယ်ကို မိုင်ပေါင်း ၆၄၆ မိုင် ဖြတ်လာတဲ့အခါ. . . .

လီဒိုလမ်းပိုင်းရဲ့ မြန်မာပြည်ဘက်အခြမ်း အလယ်ဗဟိုတည့်တည့်မှာ မြစ်ကြီးနား လွင်ပြင် ဖြစ်လို့နေပါတော့တယ်။

ကချင်တွေ စဉ်းစားရမှာက သဘာဝကပေးထားတဲ့ ပထဝီလမ်းကြောင်းကြီးဟာ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားကနေလမ်း ၅ သွယ်ဖြာပြီး ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ဖို့ အကောင်းဆုံးဖြစ်နေတာပါပဲ။

၁။ အရှေ့ဘက်ကို ဗန်းမော်-မံစီလမ်းကြောင်း

၂။ အနောက်ဘက်ကို တနိုင်း-ရှင်ဗွေယန် လီဒိုလမ်းကြောင်း

၃။ တောင်ဘက်ကို မိုးကောင်း၊ မိုးညှင်းနဲ့ မြန်မာပြည်မ အလယ်ပိုင်းလမ်းကြောင်း

၄။ မြောက်ဘက်ကို အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ နောင်မွန်း လမ်းကြောင်း

၅။ အရှေ့မြောက်ဘက်ကို ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော် လမ်းကြောင်းဆိုပြီး လမ်းမကြီးဆက်ကြောင်း ၅ ခုကို တွေ့နိုင်ပါတယ်။

ဒီထဲကမှ မြောက်ဘက် လမ်းကြောင်း အင်ဂျန်းယန်-ဆွမ်ပရာဘွမ်-ပူတာအို-မချမ်းဘော-နောင်မွန်ရဲ့ အရေးပါတဲ့ စဉ်းစားချက်များကို တင်ပြချင်တယ်။ ဒီလမ်းကြောင်းမှာ ပူတာအိုလွင်ပြင်ကြီး ရှိနေပြီး ပထဝီနယ်မြေ ထူးခြားချက်အရ ကချင်ပြည်နယ်အတွက် အရေးကြီးတဲ့ လွင်ပြင်ဒေသလို့ ပြောရပါမယ်။

ကချင်ပြည်နယ် မြောက်ဖျားစွန်း ရေခဲတောင်ဒေသ ပါဝင်နေပြီး အရှေ့တောင်ဒေသ Glacial pack ပါဝင်နေပြီး ရေခဲဒေသ ဇီဝဖြစ်ထွန်းမှုနဲ့ ဘူမိ ထူးခြားဖြစ်စဉ်တွေကြောင့် သယံဇာတ ပေါကြွယ်ဝတဲ့ တစ်ခုတည်းသော ပြည်နယ်ဖြစ်ပါတယ်။

ကချင်ပြည်နယ်ရဲ့ ပူတာအိုကုန်းမြင့်ဒေသ ပထဝီကြောဟာ အရှေ့တောင်အာရှ နိုင်ငံများဖြစ်တဲ့ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှား ကျွန်းဆွယ်တွေနဲ့ တစ်ဆက်တစ်စပ်တည်းကုန်းမြေပထဝီ ဖြစ်ပါတယ်။ ဒီ ကုန်းမြေကြောကြီးဟာ ပူတာအို၊ ခါကာဘိုရာဇီ ရေခဲဒေသ ဦးခေါင်းပိုင်းအဖြစ် တည်ရှိနေပြီး ရေခဲဇီဝမျိုးစုံမျိုးကွဲရှင်သန်ရာ တစ်ခုတည်းသော ဒေသအဖြစ် ကချင်ပြည်နယ်က ပိုင်ဆိုင်နေပါတယ်။ ဒါဟာ ကချင်ပြည်နယ်အတွက် အကောင်းရော အဆိုးရော ဖြစ်စေခဲ့တယ်။

တရုတ်တို့ရဲ့ OBOR စီမံကိန်း ဝင်ရောက်လာတဲ့အခါ မြစ်ကြီးနားလွင်ပြင်ကနေ မြောက်ဘက်လမ်းကြောင်းကို ဖွံ့ဖြိုးရေးခေါင်းစဉ်နဲ့ မျှော်ကြည့်လိုက်တဲ့အခါ ပူတာအိုလွင်ပြင်နဲ့ ခါကာဘိုရာဇီ၊ ဖုန်ကန်ရာဇီဒေသတွေဟာ မက်မောစရာအတိ ရှိလို့နေပါတော့တယ်။ မြစ်ကြီးနားလွင်ပြင်ကို ဗဟိုချက်ထားပြီး ဖွံ့ဖြိုးရေးဆောင်ရွက်ရင် ပူတာအိုလွင်ပြင်ဟာ တစ်ပါတည်းလုပ်ရမယ့် ပထဝီနိုင်ငံရေးအရ အရေးပါတဲ့ ဒေသ ဖြစ်လာနေပါတယ်။

မြန်မာအစိုးရတွေ ဘာလုပ်ခဲ့လဲ ခြေရာကောက်ကြည့်ရအောင်။ ပူတာအိုဒေသရဲ့ ရှားပါးရေခဲဇီဝမျိုးကွဲတွေနဲ့ ရေခဲဒေသရဲ့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတွေ ရေခဲလျှောစီးစခန်းတွေနဲ့ စီးပွားရှာနိုင်တယ်ဆိုတာ မြင်ခဲ့ကြတယ်။ Red panda, Tarkin, leaf deer, Blue sheep တွေ၊ black orchid တွေ၊ လိပ်ပြာမျိုးစုံတွေ စတာတွေဟာ ဇီဝမျိုးကွဲ တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ရေးဈေးကွက်မှာ အလွန် ဆွဲဆောင်နိုင်ခဲ့ပြီး ထိန်းသိမ်းဖို့ ဖြစ်လာခဲ့တယ်။ ဒါကြောင့် ၁၉၉၄ မှာ နဝတ အစိုးရဟာ ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေးနဲ့ သဘာဝနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဲဒီနှစ်မှာပဲ အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း(Convention on Biological Diversity) မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့တယ်။ ဒ့ါအပြင် CITES (Convention on International Trade in Endangered Species) ကို ၁၉၉၇ မှာ ထပ်မံတရားဝင် ပါဝင်ခဲ့တယ်။

နဝတအစိုးရဟာ ခြေလှမ်းသွက်ပါတယ်။ ၁၉၉၇ မှာ CITES ကို ဝင်ပြီးတာနဲ့ နိုင်ငံအဝှမ်းမှာ သဘာဝနယ်မြေတွေကို သတ်မှတ်ပြဋ္ဌာန်းလာပါတယ်။ ကချင်ပြည်နယ်မှာဆိုရင် သူတို့မျက်စိကျနေတဲ့ ရေခဲဒေသ နောင်မွန်မြို့နယ်က ခါကာဘိုရာဇီကို ၁၉၉၈ မှာ ဧကပေါင်း ၉၄၂၀၈၀ သတ်မှတ်ပြီး အမျိုးသားဥယျာဉ်အဖြစ် စတင် လုပ်ဆောင်လာတယ်။ ၂၀၀၂ မှာ နည်းဥပဒေပြဋ္ဌာန်းခဲ့ပြီး စနစ်တကျ ပြင်ဆင်လာခဲ့တယ်။ အဲဒီနောက် နဝတအစိုးရရဲ့ လူယုံစီးပွားရေးလုပ်ငန်းရှင် ဦးတေဇရောက်လာတယ်။

ပူတာအိုနဲ့ နောင်မွန်ဒေသတွေမှာ သဘာဝအခြေခံစီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ ရေခဲလျှောစီးစခန်းတွေ အရှေ့တောင်အာရှမှာ ပထမဆုံး တည်ဆောက်ဖို့ ရှားပါးခါတ်သတ္တု သယံဇာတတွေ အသစ်အသစ် ရှာဖွေဖို့၊ သဘာဝရက္ခဥယျာဉ်ကြီးတွေ တည်ဆောက်ဖို့နဲ့ သဘာဝအမဲလိုက်စခန်းတွေ၊ buffer zone တွေမှာ နိုင်ငံတကာ အမဲလိုက်ဝါသနာရှင်တွေကို အာဖရိက safari လိုတီထွင်ပြီး စီးပွားရှာဖို့စတဲ့ စိတ်ကူးအကြီးကြီးတွေနဲ့ ရောက်လာတာ ဖြစ်ပါတယ်။

ပြီးတော့ ၂၀၀၃ ခုနှစ်မှာ ပူတာအိုက ဖုန်ကန်ရာဇီ၊ ၂၀၀၄ မှာ ဆွမ်ပရာဘွမ်မြို့က ဆွမ်ပါဘွမ်ဒေသ၊ မိုးညှင်းက အင်းတော်ကြီး၊ တနိုင်းက ဟူးကောင်းချိုင့်ဝှမ်းဒေသလို့ အသီးသီးသတ်မှတ်ခဲ့ကြတယ်။ ဒီလိုနဲ့ ကချင်ပြည်နယ်ကြီးမှာ ၂၀၁၇ ရောက်လာတဲ့ သဘာဝနယ်မြေ ၁၀ နေရာ သတ်မှတ်ခဲ့ပြီးကချင်ပြည်နယ်ရဲ့ နယ်မြေဧက ၂၂ သန်းရှိရာက ၇.၆ သန်းဧကအထိ ရောက်လာပြီး ဇီဝမျိုးစုံမျိုးကွဲနဲ့ သယံဇာတမျိုးစုံကြွယ်ဝလှတဲ့အပြင် စီးပွားရေးအခွင့်အလမ်းများလည်း အနာဂတ်မှာ ကြီးမားလှတာကြောင့် ပြည်ထောင်စုအစိုးရဟာ ထိန်းချုပ်ဖို့ ပြင်ဆင်ခဲ့တယ်။ နဝတ စစ်အစိုးရအနေနဲ့ ၂၀၀၈ အခြေခံဥပဒေရေးဆွဲရာမှာ ဇယား (၁) ပုဒ်ခွဲ (၆) ဆမှာ ပြည်ထောင်စုဥပဒေပြုစာရင်းထဲသွင်းပြီး ပြည်ထောင်စု တိုက်ရိုက်အုပ်ချုပ်နယ်မြေအဖြစ် ကျရောက်စေခဲ့တယ်။ ဒါဟာ ကချင်ပြည်နယ်အတွက် နိုင်ငံရေးအရ စဉ်းစားစရာကောင်းလှပါတယ်။ ကချင်အရပ်သားအများစုကြီးဟာ မသိခဲ့ကြပါဘူး။ ကချင်တွေ ဘယ်အချိန် နိုးကြားလာခဲ့သလဲ. . . ။

ကချင်တွေဟာ မိမိတို့ရဲ့ နယ်မြေပိုင်စိုးမှုကို အထူးဂရုပြုသင့်ပါတယ်။ ဒေသခံတိုင်းရင်းသားအခွင့်အရေး Indigenous Right ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ကာကွယ်ဖို့ လိုလာတယ်။ ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲမှာ NLD ပြည်သူ့အစိုးရဖြစ်လာတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်လာတယ်။ ၂၁ ပင်လုံ ဒုတိယအကြိမ်မှာ Union Accord တွေ စတင်ချမှတ်လာနိုင်တယ်။ အဲဒီမှာ နိုင်ငံရေးအရ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်မယ်ဆိုတဲ့ အခြေခံနိုင်ငံရေးသဘောတူညီမှုကြီး ဖြစ်ပေါ်လာတယ်။ ဒါဆိုရင် စဉ်းစားစရာက. . . .

အခုလို သဘာဝနယ်မြေတွေ ကချင်ပြည်နယ်ထဲ သတ်မှတ်မှု ပြည်ထောင်စု တိုက်ရိုက်အုပ်ချုပ်မှု နယ်မြေတွေထဲသွတ်သွင်းမှုတွေဟာ ဖက်ဒရယ်အခြေခံမှုတွေနဲ့ ကချင်တွေအတွက် ပဋိပက္ခအသွင်ကို ဆောင်လာပါတော့တယ်။

NLD အစိုးရလက်ထက်မှာလည်း ၂၀၁၇ မှာ မြစ်ကြီးနားမြို့နယ်ထဲက အင်ခိုင်ဘွမ်နဲ့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ် တိုးချဲ့သတ်မှတ်မှုတွေဟာ ကချင်တွေအတွက် ထပ်မံပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့တယ်။ ဥပဒေအသစ်ကို ၂၀၁၇ ဖေဖော်ဝါရီ ၉ ရက်မှာ NLD လွှတ်တော်က ပြဋ္ဌာန်းပြီး လူထုက မဆွေးနွေးရသေးခင်ပဲ ဖေဖော်ဝါရီ ၂၈ ရက်မှာ အမိန့်ကြေညာစာထုတ်ပြီး ပဏာမ စုံစမ်းစစ်ဆေးဖို့ စိုင်းပြင်းလာခဲ့ရာ ပူတာအိုလွင်ပြင်ဒေသရဲ့ ဒေသခံကချင်လူမျိုးစု ရဝမ်တွေဟာ ပေါက်ကွဲခဲ့ပါတော့တယ်။ ဒီဖြစ်စဉ်တွေဟာ ဘာလို့ဖြစ်ခဲ့လဲ အဖြေရှာကြည့်ရင်. . . ။ CITES အဖွဲ့ဝင်အဖြစ် မြန်မာက လက်မှတ်ထိုးပြီးနောက် UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရာ သဘာဝနယ်မြေအဖြစ် ရလိုမှုဇာတ်လမ်းက ကချင်ရဝမ်တွေကို ထပ်မံ ဖိစီးနှိပ်စက်ပါတော့တယ်။


UNESCO နဲ့ မြန်မာ NLD





# ငြိမ်းချမ်းရေးအတွင်းမှ နေရာချဲ့ထွင်မှုများ

Ja Awng




(ကချင်ပြည်နယ် ရှုထောင့်)

UPDJC က - UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့က ကျင်းပသော ပြည်သူသို့ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ တင်ပြဆွေးနွေးခြင်းနှင့် ပြည်ထောင်စုလက္ခဏာ တည်ဆောက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ၃၀ နဲ့ ၃၁ ဩဂုတ်လ၊ မဂ္ဂျယ်ခန်းမ မှာ လုပ်ခဲ့တယ်။ အခမ်းအနားအစီအစဉ် စာရွက်တွေ ကြိုတင်ဝေထားမှုမရှိခြင်း၊ အစီအစဉ်ပုံစံ ကပိုကယို ဖြစ်နေခြင်း၊ ရည်ရွယ်ချက် ရှင်းလင်းမှု မရှိခြင်းတွေက တက်ရောက်သူများအကြား နည်းနည်း စိတ်ကသိကအောက် ဖြစ်စေခဲ့တယ်။ ဒါပေမဲ့ ၃၁ ရက်နေ့ရဲ့ နေ့လည်စာအပြီး Penal Discussion က အတော်လေး အားရစရာကောင်းကြတဲ့အတွက် ကျေနပ်မှုအပိုင်းအစတွေနဲ့ ပွဲတက်ရောက်သူတွေ အိမ်ပြန်ခွင့် ရကြတယ်။

ငြိမ်းချမ်းရေး ဆိုရာမှာ ကြန့်အင်လက္ခဏာအရ ဖြစ်စဉ်ဖြစ်တဲ့အတွက် အချိန်ကာလကိုပုံသေသတ်မှတ်ဖို့အတွက် စိန်ခေါ်မှုရှိတာ အားလုံးအသိပဲ ဖြစ်တယ်။ ဒါကို အချိန်ကာလသတ်မှတ်ပြီး လုပ်ဆောင်ကြတယ်၊ ဥပမာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို တစ်နှစ် မှာ ၂ ကြိမ် ပြုလုပ်မယ်ဆိုတဲ့အရာသည် ၆ လ တစ်ကြိမ် သဘော မဟုတ်ဘဲ၊ ၁၂ လ အတွင်း ပြက္ခဒိန်နှစ်ရဲ့ တစ်နှစ်အတွင်း မှာ ၂ ကြိမ်ဖြစ်ရင် ရပြီဆိုတဲ့သဘော ဖြစ်လာတယ်။ ယခင်က ဖြစ်စဉ်တစ်လျှောက်မှာ (ယခင်)ဝန်ကြီး ဦးအောင်မင်းတို့၊ အစိုးရဘက်ကိုယ်စားလှယ်တို့က၊ UNFC တို့ကဲ့သို့သော အထူးသဖြင့် ကချင်တိုင်းရင်းသား လက်နက်ကိုင်နဲ့ ငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးဖို့တို့ကို ၃ ကြိမ်ထက်မနည်း၊ ကချင်မှာ တွေ့ဆုံခဲ့တာမျိုး ရှိတယ်လို့ သိရတယ်။

UPDJC က အခုလို တင်ပြဆွေးနွေးတာက ကချင်ပြည်နယ်နဲ့ဆိုရင် ၄ကြိမ်မြောက်ဖြစ်ပါတယ်။ ဒီအကြိမ် ပြီးရင် နောက်လအတွင်း ကယားပြည်နယ် ဖြစ်နိုင်ဖွယ်ရာရှိပါတယ်။ တင်ပြသူတွေကလည်း ချီးကျူးစရာပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်က တိုးတက်မှု မရှိပေမယ့်လည်း၊ အကြောင်းအရာတူတွေကို အပ်ကြောင်းထပ်အောင့် မမောနိုင်မပန်းနိုင်ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်နေတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ကချင်ပြည်နယ်နေ လူထုတွေ အနေနဲ့ကတော့ ဒီလို အခင်းအကျင်းမျိုးမှာ UPDJC က လာရောက်ရှင်းပြခြင်းသည်၊ ကချင်လူထုက ငြိမ်းချမ်းရေးဖြစ်စဉ်ကို နားလည်လာပြီး၊ တိုင်းရင်းသား လက်နက်ကိုင်ကို တိုက်တွန်းတဲ့ သဘောအဖြစ် သုံးသပ်ခန့်မှန်းကြပါတယ်။ လူထုကနေ တိုင်းရင်းသား လက်နက်ကိုင်၊ အာဏာရှိသူတွေကို တိုက်တွန်းနားချဖို့ ဆိုတာကတော့ အရပ်သားများ ပါဝင်ဆောင်ရွက်တာလို့ပဲ ယူဆလို့ရပါတယ်။ ဒါပေမဲ့လည်း ဖြစ်နေတဲ့ အခင်းအကျင်းအရ ဒီရည်ရွယ်ချက်က ဒီအတိုင်းပဲ ဖြစ်နေတယ်ဆိုတာကို ရေးသားဖော်ပြမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖော်ပြလို့ရတဲ့ ကနဦးရည်မှန်းချက်ကတော့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း နိုင်ငံရေးပါတီတွေနေရာက ကျုံ့ကျုံ့လာတော့၊ ပိုပြီး ကျယ်ကျယ်လာဖို့အတွက်သာ ဖြစ်တယ်လို့ အလွန့်အလွန်ဆုံး အဖြေအနေနဲ့ ပေးကြပါလိမ့်မယ်။

အမှန်ပါပဲ၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးပါတီတွေ ပါဝင်ရေးကလည်း အနိုင်ရပါတီဆိုတဲ့ အစိုးရသစ်ရ မူဝါဒအသက်ဝင်လာခဲ့တာကို တွေ့ကြုံရကြတယ်။ နိုင်ငံရေးပါတီတွေတောင်မှ ဒီဖြစ်စဉ်ထဲမှာ နေရာမဲ့လာသလိုဖြစ်တာ၊ အရပ်ဘက်အဖွဲ့အစည်းတွေကတော့ အိမ်ဖြည့်သဘော သက်သက်အနေနဲ့ပဲ မြင်ရတယ်။ လက်မှတ်ထိုးထားတဲ့ ၁၀ ဖွဲ့အတွင်းမှာတောင် တိုင်းရင်းသားလက်နက်ကိုင်တွေက အသံတူမထွက်နိုင်သေးတဲ့ အခင်းအကျင်းမှာ လက်မှတ်ထိုးထားခြင်းမရှိတဲ့ဒေသမှ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ပါဝင်နိုင်ဖို့ကတော့ အိပ်မက်ဆန်ပါတယ်။

စစ်ရဲ့သဘောက တိုက်လေတောင့်လေသဘော ရှိတယ်။ ယခင် က AA ဆို မကြီးမားတဲ့၊ တောတွင်းအဖွဲ့သာသာလို့ သတ်မှတ်ရမယ်။ TNLA လည်း ထိုနည်းလည်းကောင်းပေ့ါ။ သို့ပေမယ့် ခုဆိုသူတို့ရဲ့ကိုယ်ထည်က အတော်လေး ကြီးမလာဘူးဆိုရင် တောင် တောင့်တင်းလာတာကို တွေ့ရမယ်။ ဒီသဘောပဲ ထုထောင်းခံရတဲ့ဒေသက အရပ်ဘက် အဖွဲ့အစည်းတွေလည်း ပိုလို့ Civil Society အားက အတော်လေး မာတောင့်လာတာကို တွေ့ရမယ်။ ကိုယ့်ဘက်ကိုယ်ယက်တဲ့ သဘောနဲ့ ပြောရရင် ကချင်ပြည်နယ်မှာရှိတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေဟာ အခြားဒေသကအဖွဲ့အစည်းတွေနဲ့မတူ၊ သီးခြား (uniqueness) ဖြစ်တည်မှုရှိပါတယ်။ ကချင်ဒေသက အရပ်ဘက် အဖွဲ့အစည်းတွေ၊ ကချင် အရပ်ဘက်အဖွဲ့အစည်းတိုင်းကို KIO/KIA နဲ့ တစ်သားတည်းလို့မြင်ကောင်းမြင်နေကြတဲ့သဘောမျိုးနဲ့ လေလှိုင်းမှာ ဝါဒဖြန့်နေတာမျိုးကိုလည်း တွေ့နေရမှာပါ။

KIO ပဲဖြစ်ဖြစ်၊ တပ်မတော်ပဲဖြစ်ဖြစ် စစ်ဖြစ်တာ၊ စစ်ခင်းတာတွေကို အရပ်သားတွေအနေနဲ့ ဘာမှ ပြောခွင့်မရှိအောင် ပါးစပ်ပေါက်တွေ ပိတ်ထားကြသလိုဖြစ်လာတယ်။ အခု UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့က လုပ်ဆောင်မှုတွေဟာ ၂၀၂၀ အတွက် အကျိုးအမြတ် တစ်စုံတစ်ရာမျှော်မှန်းချက်မရှိဘူးလို့ ထင်မှတ်ရပေမယ့်လည်း၊ ၂၀၂၀ မတိုင်ခင် တွန်းတင်နေမယ့် သဘောကို မြင်နေရတယ်။ အရင်လမ်းလျှောက်သူက ကိုယ့်ကိုထောက်ခံမှ၊ နေရာပေးမယ်ဆိုတာမျိုး၊ နောက်လူ မလုပ်ဘူးလည်း ပြောလို့မရပြန်ပါဘူး။

ဒီလိုဆိုလျှင်၊ စစ်ဖြစ်ရင် မိမိနှစ်သက်ရာဖြစ်ကြပါ၊ ပြောသူလည်း နှစ်သက်ရာပြောကြပါ။ သို့ပေမယ့် အရပ်သားတွေကို ဘယ်လိုမှ ထိခိုက်နစ်နာမှုမျိုး မရှိစေတာ အကောင်းဆုံးပါပဲ။

ခုတလော (၇) နှစ်တွေ ခေတ်စားလို့ (၇) နှစ် ဂဏန်း ပြောရရင်။ တစ်ကျော့ပြန်စစ်ကြောင့် စစ်ရှောင် IDPs တွေဟာ ၇ နှစ် လောက် ကြာညောင်းနေပြီဖြစ်တယ်။ အိမ်မပြန်ရတာ ၇နှစ်ဖြစ်နေပြီ။ ဆယ့်နှစ်နှစ်ကတည်းက ရောက်လာတဲ့ ညီမလေးတွေဆိုရင် ၁၉ နှစ်ဖြစ်ပြီ။ မိန်းကလေး သဘောသဘာဝတွေဖြစ်လာပြီ။ လူသားဆန်စွာ၊ ဂုဏ်သိက္ခာရှိစွာ မနေထိုင်ခဲ့တာ (၇) နှစ် ရှိပြီ။ ဒါတွေ ရှိနေတဲ့ကြားထဲက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်က နေရာတစ်နေရာစာလုပ်ပွဲနဲ့ အာရုံလွှဲခံထားရသလို ဖြစ်နေတယ်လို့ စာရေးသူက ရှာသားဆန်စွာ သုံးသပ်မိတယ်။

တချို့က ပြောကြတယ်။ ကချင်ပြည်နယ် မငြိမ်းချမ်းတာက ကျောက်စိမ်းရှိလို့ စစ်ခင်း၊ စစ်တလင်း ဖြစ်နေတယ်ပေ့ါ။ မဟုတ်ပါဘူး။ အဓိကတော့ အရပ်သားတွေ ရှိတဲ့နေရာမှာ ဥပဒေက အသက်မဝင်လို့ဖြစ်တယ်။ အချုပ်သပ်ထားတာပါ။ အရပ်သား အကာအကွယ်ပေးရေးဆိုတာကို လက်နက်နဲ့ပဲ ကာကွယ်လို့ရတယ်ဆိုတဲ့ ဝါဒကို တော်လှန်ရမှာပါ။ ဒီအရေးက ကချင်အရေးမဟုတ်ပါဘူး။ လူသားတစ်ရပ်လုံးရဲ့ အရေးဖြစ်ပါတယ်။

ကချင်လူထုအနေနဲ့ ငြိမ်းချမ်းရေးမှာ နေရာချဲ့ထွင်နေမှာ မဟုတ်သလို၊ နေရာကျုံ့လို့ စိတ်ထိခိုက်မနေပါဘူး။ တခြား တိုင်းရင်းသားတွေလည်း ဒီအတိုင်း ပစ်ထိုင်မနေကြပါဘူး။ ငြိမ်းချမ်းရေးမလိုချင်သူ ဘယ်သူရှိလဲဆိုတာ မပြောလိုသေးဘူး။ ငြိမ်းချမ်းရေး ငတ်နေတာကတော့ တစ်နိုင်ငံလုံးပါပဲလို့ ကချင်ပြည်နယ် ရှုထောင့်ကနေ ဖော်ပြလိုပါတယ်။ ။

---

# တစ်ရက်တာ ရေလွှမ်းမိုးမှုကြောင့် မိုးမောက်မြို့နယ်တွင် ကောက်ထောင်နှင့်ချီသော စပါးခင်းများပျက်စီး

မြစ်ကြီးနား၊ စက်တင်ဘာ ၅

မိုးမောက်မြို့နယ်တွင် ဩဂုတ်လ ၃၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျရေကြောင့် မိုးမောက်ချောင်းရေလျှံသဖြင့် အလင်းကောင်ရပ်ကွက်တွင် လမ်း၊ တံတားနှင့် ကမ်းပါးများပြိုကျခြင်း၊ ထောင်နှင့်ချီသော စပါးခင်းများ ရေကြီးနစ်မြုပ်ခြင်း အခက်အခဲဖြစ်နေကြောင်း သိရသည်။

အဆိုပါ တောင်ကျရေသည် ထိုနေ့ညနေပိုင်းတွင် ပြန်လည် ကျဆင်းသွားသော်လည်း ရေကြီးမှုကြောင့် ပျက်စီးမှုများစွာ ကျန်ရစ်ခဲ့သဖြင့် အမြန်ဆုံးပြုပြင်ပေးရန် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ စာတင်ထားကြောင်း သိရသည်။

အိမ်ထောင်စု ၇၀ ခန့်ရှိသည့် ယင်းရပ်ကွက်အပြင် ကျေးရွာပေါင်း ၁၀ ကျော်မှ လုပ်ကိုင်နေသည့် ဧက ၁၀၀၀ ကျော်ရှိ အောင်လောင်းကွင်း စပါးခင်းများလည်း ရေကြီးနစ်မြုပ်ခဲ့ရကြောင်း သိရသည်။

"စပါးခင်းကတော့ ဘယ်လောက်ပျက်စီးသွားတယ်ဆိုတာတော့ မသိရသေးဘူး။ ရပ်ကွက်အတွင်းမှာတော့ လမ်းနဲ့ ကမ်းပါးတွေပြိုသွားတာ ရွာတောင် နည်းနည်းပါသွားတယ်။ ရေကာတာ အမြန်ဆုံး ဆောက်ပေးစေချင်တယ်။ မဟုတ်ရင်ကတော့ တဖြည်းဖြည်း ရွာတွေပါကုန်တော့မယ်"ဟု တောင်သူ ဦးနော်ဂျာက ပြောသည်။

မိုးမောက်မြို့တွင် ၂၀၁၆ ခုနှစ်က ရေကြီးခြင်းကြောင့် လမ်းနှင့်ကမ်းပါး ပြိုကျမှုများရှိခဲ့သည့်အတွက် ရေကာတာ ပြုလုပ်ပေးရန် ယခင်နှစ်ကတည်းက ဗန်းမော်ခရိုင် ရေအရင်းအမြစ်ဌာနတွင် စာတင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပြုလုပ်ပေးမည်ဟု ဆိုသော်လည်း ယနေ့ထက်ထိ ပြုလုပ်ပေးခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ကမ်းပါးပြိုခြင်းများ ထပ်မံကြုံတွေ့နေရခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ထိုသို့ ရေကြီးရေလျှံမှုမျိုး သုံးကြိမ်တိုင် ဖြစ်ပွားခဲ့ပြီဖြစ်သဖြင့် အလင်းကောင်ရပ်ကွက်တွင် မြေပြိုမှုများ ထိန်းသိမ်းပေးရန် သက်ဆိုင်ရာက အမြန်ဆုံးပြုလုပ်ပေးစေလိုသည်ဟု ဒေသခံများက ပြောသည်။

မွန်းမွန်းပန်

# ကာမိုင်းမြို့နယ်၊ လွယ်ဆိုင်စစ်တပ်က ဖမ်းဆီးသွားသော အရပ်သားနှစ်ဦးကို မပခသို့ပို့လိုက်ကြောင်းသိရ

မြစ်ကြီးနား၊ စက်တင်ဘာ ၇

ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့နယ်ခွဲမှ ၇ မိုင်ခန့် ကွာဝေးသော လွယ်ဆိုင်ကျေးရွာရှိ မြန်မာ့တပ်မတော် စစ်သားများက စက်တင်ဘာလ ၄ ရက်နေ့ နံနက် ၄ နာရီခွဲအချိန်ခန့်တွင် ဒေသခံနှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

တပ်မတော်သားများသည် ထိုနေ့ညက လွယ်ဆိုင်မှ အိမ် ၁၃ လုံး၌ ဝင်ရောက်စစ်ဆေးကာ ကလေး သုံးယောက်အဖေ ဦးလဖျော်ခေါင်ဒေါင်၊ အသက် ၅၀ နှင့် ကထံယန်ရွာမှ ဦးခေါ်ရန်လဆာတို့ နှစ်ဦးအား နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း မိသားစုဝင်များက ပြောသည်။

"ဦးခေါ်ရန်လဆာ အမျိုးသမီးက သိပ်ကျပ်မပြည့်ဘူး။ သူမိန်းမကို သူပဲကြည့်ပေးနေရတာ၊ သူဘယ်သွားသွား သူ့ယောကျ်ားက လိုက်ကြည့်ရတာ၊ ကလေးကလည်း သုံးယောက်ရှိတယ်။ ကလေး အမြွှာပူးလည်း ရှိတော့ အရမ်းခက်ခဲနေရတယ်"ဟု ဦးခေါ်ရန်လဆာ၏ဖခင် ဦးမရန်နော်က ပြောသည်။

ဦးခေါ်ရန်လဆာသည် တောင်သူတစ်ဦးဖြစ်ပြီး တပ်မတော်သား ၇ ဦးမှ လက်နက်အပြည့်အစုံဖြင့် လမ်းပြပေးရန် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု ဖခင်ဖြစ်သူ ဦးမရန်နော်က ပြောသည်။


လွယ်ဆိုင်ကျေးရွာ ရပ်ကွက် ၂ရှိဦးလဖျော်ခေါင်ဒေါင်ကိုမူ နေအိမ်သို့ဝင်ရောက်လာပြီး ကြိုးတုတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဇနီးဖြစ်သူ ဒေါ်လွမ်းဇဲက ပြောသည်။

"အဲဒီညမှာ တပ်မတော်သား ၄ ယောက်က တစ်ခါတည်းဝင်လာပြီး ဖမ်းသွားတာ။ ဘာကြောင့်ဖမ်းသွားတယ်ဆိုတာ သိချင်တယ်။ ဥပမာ - အပြစ်ရှိတယ်ဆိုရင်လည်း အပြစ်ရှိတဲ့အတိုင်း ဖြေရှင်းပေးမယ်။ ဒါပေမဲ့ အခုက ဘယ်မှာဖမ်းသွားကြတယ်ဆိုတာ မသိဘူး။ ဘယ်မှာလိုက်စုံစမ်းရမယ်ဆိုတာလည်း မသိဘူး။ အမြန်ဆုံး ပြန်လွှတ်ခိုင်းစေချင်တယ်"လို့ ဇနီးဖြစ်သူက ပြောသည်။

ထိုသို့ ခေါ်ဆောင်သွားခြင်းနှင့်ပတ်သက်၍ ဦးလဖျော်ခေါင်ဒေါင်၏ ဇနီးဖြစ်သူဒေါ်လွမ်းဇဲက သက်ဆိုင်ရာသို့ အကြောင်းကြားထားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း စာတင်ထားကြောင်း သိရသည်။

နောက်ဆုံးရရှိသည့် သတင်းအရ ၎င်းတို့နှစ်ဦးကို မြောက်ပိုင်းတိုင်းစစ်ဌာချုပ်သို့ ပို့အပ်လိုက်ပြီဖြစ်ကြောင်း လွယ်ဆိုင်ရွာအုပ်ချုပ်ရေးမှူး၏ ဖခင်ဖြစ်သူက မြစ်ကြီးနားသတင်းဂျာနယ်သို့ စက်တင်ဘာလ ၆ ရက်ည ၉ နာရီခန့်က ဆက်သွယ်ပြောကြားခဲ့သည်။

Ah Je







# ဖားကန့်တွင် ငါးမန်းဂိမ်း လောင်းကစားရုံ ဖမ်းဆီး

မြစ်ကြီးနား၊ စက်တင်ဘာ ၄

ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာတွင် ငါးမန်းဂိမ်းလောင်းကစားရုံဖွင့်ထားသော ဦးထိန်လင်းနှင့် မဝင်းလဲ့လဲ့ရွှေတို့နှစ်ဦးကိုစက်တင်ဘာလ ၃ ရက်က သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရာအိမ်မှူးတို့ ပူးပေါင်းဖမ်းဆီးခဲ့ကြောင်း သိရသည်။

နယူးစတား ငါးမန်းဂိမ်းလောင်းကစားရုံတာဝန်ခံ ဦးထိန်လင်းအိမ်မှ ကစားရုံတွင် အသုံးပြုသည့် ဂိမ်းစက်ခုံနှစ်ခုံ၊ မြင်းကောင်ရေ ၂၅ ကောင်ရှိ ဒိုင်နမိုတွဲလျက် မီးစက်တစ်လုံး၊ ပလပ်စတစ်ရောင်စုံထိုင်ခုံ ၁၀ လုံး၊ လာရောက်ကစားသူများ စီးနင်းလာသည့် ဆိုင်ကယ်ကိုးစီးနှင့် လောင်းကစားရာတွင် အသုံးပြုသည့် အခြားပစ္စည်းများ၊ လောင်းကစားရာတွင် အသုံးပြုသည့် ငွေကျပ် ၃၁ သိန်းကျော်နှင့်အတူ ကစားသူ ၃၀ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့နောက် ငါးမန်းဂိမ်းလောင်းကစားရုံတာဝန်ခံ မဝင်းလဲ့လဲ့ရွှေ၏ နေအိမ်မှ ဂိမ်းစက်ခုံ သုံးခုံ၊ လောင်းကစားရာတွင် ငွေစက္ကူအစားအသုံးပြုသည့် ကတ်ထူစက္ကူ၂၄ရွက်၊ အနီရောင်ကော်ပြားသော့ ၄ ချောင်း၊ဖုန်းတစ်လုံး၊အားသွင်းစက်နှစ်လုံး၊ ထိုင်ခုံ ၁၀ လုံး၊ မီးစက်တစ်လုံး၊မြန်မာငွေစက္ကူရောရာ ၁၀ သိန်းကျော်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သော ဦးထိန်လင်းနှင့် ကစားသမား ၃၀ ဦး၊ မဝင်းလဲ့လဲ့ရွှေတို့ကို ဖားကန့်မြို့၊ မြို့မရဲစခန်းတွင်လောင်းကစားပုဒ်မ - ၁၃(က)၊ ၁၄ (က) တို့ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်း ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ လောင်းကစားမှု စုစုပေါင်း ၆၃ မှု ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိငွေ သိန်း ၇၀ ကျော် ( ၇၁၈၁၆၀၀ ကျပ်)ရှိကြောင်း သိရသည်။

ပြည်နယ်အတွင်းရှိလောင်းကစားရုံးများ ဖမ်းဆီးခြင်းများကို ရဲတပ်ဖွဲ့အနေဖြင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ပြည်သူလူထု ပူးပေါင်းကာ နေ့စဉ်လုပ်ဆောင်နေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူက ပြောသည်။

မွန်းမွန်းပန်

## Movie View


▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ

၇ - ၉ - ၂၀၁၈ မှ ၁၃ - ၉ - ၂၀၁၈ အထိ

နိုင်ငံခြားရုပ်ရှင်ကို နေ့လယ် ၉ း ၃၀ နာရီ ၊ ၁၂ း ၃၀ နာရီ စသည့် ပွဲချိန်များတွင် - **THE NUN**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၇ း ၁၅ နာရီ ပွဲချိန်တွင် - **SPECIAL 9**





| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း




**မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်**
တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ရရှိရေး ကြိုးပမ်းချက်များ၏ လတ်တလောစိန်ခေါ်မှုများ

စာရေးသူ = အင်ခွမ်လဆန်အောင်

ဆက်သွယ်ရန် - ၀၉-၇၈၃၈၉၀၀၂၄

ဤစာအုပ်သည်ဦးအင်ခွန်လဆန်အောင်မှ အင်္ဂလန်နိုင်ငံ Manchester မြို့ရှိ The University of Master of arts in peace and Conflict Studies ကို သင်ယူစဉ် မဟာဘွဲ့အတွက်ပြုစုခဲ့သော စာတမ်းကို မြန်မာဘာသာဖြင့် ပြန်လည်ထုတ်ဝေခြင်း ဖြစ်ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး စာအုပ်စာပေနှင့် သုံးသပ်ချက် ဆောင်းပါးကောင်းများစွာ ရှိပါသည်။ သို့သော်ဤစာတမ်းမှတင်ပြဆွေးနွေးချက်များဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ သီအိုရီများနှင့် မြန်မာ့နိုင်ငံရေး ပဋိပက္ခအခြေအနေများကို နှိုင်းယှဉ်သုံးသပ်ထားမှုများ၊ မြန်မာ့ငြိမ်းချမ်းရေးကြားဝင်စေ့စပ်ပံ့ပိုးကူညီမှုလုပ်ငန်းစဉ်၏ အားသာချက်နှင့် အားနည်းချက်များ NCA သဘောတူညီမှုရရှိရေး ကြိုးပမ်းချက်များ၏ စိန်ခေါ်ချက်မှုများကို တင်ပြဆွေးနွေးချက်များသည် လေ့လာဖတ်ရှုသင့်သောအချက်များပင် ဖြစ်သည်။

နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာမြင့်ပြီဖြစ်သည့် မြန်မာ့ပြည်တွင်းစစ်သည်ဆွေးနွေးသဘောတူညီချက်ရရှိရန် အဆင်သင့် မဖြစ်သေးချေ။ ယင်းသို့ဖြစ်ရခြင်းမှာ ပဋိပက္ခတွင် ပါဝင်နေသော နိုင်ငံရေးအင်အားစုများသည် တိုင်းပြည်၏ အမျိုးမျိုးအဖုံဖုံသော ပြည်တွင်းစစ်ပွဲများ၏ နောက်ခံအကြောင်းရင်း ပြဿနာများကို အမှန်တကယ် ကိုင်တွယ်ဖြေရှင်းရန် မညှိနှိုင်းနိုင်သေးသောကြောင့်ဖြစ်ပါသည်။ ဤစာတမ်းက လက်ရှိပြုလုပ်နေသော မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သည် သမိုင်းတွင် တမူထူးခြားသည့် သို့မဟုတ် ပြည်တွင်းအခြေပြုဖြစ်စဉ်ဖြစ်သည့် အတွက်ကောင်းသည်ဟုဝိုင်းဝန်းသြဘာပေးနေမှုကို ပိုမိုစနစ်ကျသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အမြင်ရှုထောင့်များဖြင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုပြုလုပ်ရန် သတိပေးလိုကာ ငြိမ်းချမ်းရေး ကြားဝင်စေ့စပ်ညှိနှိုင်း အဖြေရှာမှု ဖြစ်စဉ်ကိုလည်း သမာသမတ်ကျသော ဘက်မလိုက်သော စေ့စပ်ညှိနှိုင်းအဖြေရှာမှု ဖြစ်စဉ်ကိုလည်း သမာသမတ်ကျသော၊ ဘက်မလိုက်သော စေ့စပ်ညှိနှိုင်းပါဝင်ပံ့ပိုးခြင်း လိုအပ်မှုကို ထောက်ပြလိုခြင်းဖြစ်ပါသည်။ အရေးအကြီးဆုံးမှာ သဟဇာတမဖြစ်သော နိုင်ငံရေးတောင်းဆိုမှုများ၊ ပန်းတိုင်များကို ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ဤစာတမ်းက ထောက်ပြထားပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များသည် အဆိုပါပြဿနာများကို ဆွေးနွေးရန် အမြဲတမ်းရှောင်ဖယ်ခဲ့ကြသည်။ သို့ဖြစ်၍ မူဝါဒ ချမှတ်သူများ တာဝန်ရှိသော နိုင်ငံရေးခေါင်းဆောင်နှင့် အင်အားစုများကို ထိုကိစ္စများကိုင်တွယ်ဖြေရှင်းကြပါရန် ဤစာတမ်းက အဆိုပြုထားပါသည်။ များသောအားဖြင့် မြန်မာ့နိုင်ငံရေးနှင့် မူဝါဒရေးရာ လေ့လာချက်များသည်လည်း အဆိုပါအရေးကိစ္စများကို လေ့လာစူးစမ်းမှုများစွာလုပ်သင့်ပါကြောင်း စာတမ်းကအကြံပြုပါသည်။

---




**ဆင်တစ်ကောင်၏အသက်ကို အရှက်နဲ့လဲခဲ့ခြင်း**

စာရေးသူ = မောင်ရင့်မာ (ကျောင်းကုန်း)

စာအုပ်တိုက် = ဝန်ချတောင်စာပေ

တန်ဖိုး = ၃၅၀၀ ကျပ်

ဆရာမောင်ရင့်မာ(ကျောင်းကုန်း) ရွှေအမြုတေမဂ္ဂဇင်းတွင် ပင်တိုင်ရေးခဲ့သော အက်ဆေးအကြောင်း အက်ဆေးများကို စုစည်းထားခြင်းဖြစ်သည်။ ဆရာမောင်ရင့်မာသည် ကိုယ်တိုင်လည်း အက်ဆေးစာပေ အရေးကောင်းလှတဲ့ ဆရာတစ်ဦး ဖြစ်ပါသည်။ ဆရာရေးခဲ့သော အက်ဆေးပေါင်းချုပ်စာအုပ်များစွာထွက်ရှိခဲ့ပြီးလည်း ဖြစ်သည်။ ယခုအက်ဆေးများမှာ မြန်မာအက်ဆေးဆရာ ၂၇ ဦး၏ အက်ဆေးများကို ဆရာမှ ပြန်လည်ခံစားသုံးသပ်ပြထားသော အက်ဆေးများ ဖြစ်ကြပါသည်။ အက်ဆေးအရေးအသားကို လေ့လာလိုသူများ အနေနှင့် တန်ဖိုးရှိလှသော စာအုပ်တစ်အုပ်ဖြစ်ပြီး၊ မြန်မာအက်ဆေးဆရာများ၏ အက်ဆေးကောင်း များကိုလည်း ပြန်လည်သုံးသပ်ခံစားနိုင်မည်ဖြစ်ပါသည်။

ဆရာမြသန်းတင့်ကို မြန်မာစာပေလောက၏ တောက်ရှန်းသည့် ကြယ်ကြီးတစ်ပွင့်အဖြစ် တန်ဖိုးထားကြပါသည်။ ဆရာကွယ်လွန်စဉ်က "အစားထိုးမရတဲ့ တံတားကျိုးကျမှု" စသည်ဖြင့် နှမြောမဆုံးဖြစ်ခဲ့ကြသည်။ အဆိုပါစံထားချက်မှာ ဆရာသက်ရှိထင်ရှားရှိစဉ် အလေးအနက်လုပ်ခဲ့သော ဘာသာပြန် စာအုပ်ထူထူကြီးများအပေါ် အခြေခံထားပုံရသည်။ တကယ်မူ ဆရာသည် ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး၊ ကဗျာ၊ ဘာသာပြန် (ဝတ္ထု၊ ကဗျာ၊ အက်ဆေး၊ သမိုင်းကျမ်း)စသည်ဖြင့် စာမျိုးစုံရေးခဲ့သူဖြစ်သည်။

ဆရာက စကားပြေကို အလွန်ဂရုစိုက်သည်။ ဆရာ့စကားပြေက စမ်းရေယဉ်ကဲ့သို့ စီးသွင်မှုရှိသည်။ နိမ့်မြင့်ညင်သာ ပြေလျော့စွာ စီးဆင်းနေတတ်သည်။ စကားလုံးတွေ၊ ဝါကျတွေကို လှပကော့ကြွနေအောင်၊ မြူးလှုပ်နေအောင် ဖွဲ့နွဲ့သော်လည်း လော်လည်ရာ မရောက်အောင် ဆင်ခြင်တတ်သည်။ ဤသည်ကို ဆရာ၏ အက်ဆေးများတွင် တွေ့ရသည်။

"တမာနုချိန် စစ်တမ်း" သည် အထင်ရှားဆုံးဖြစ်ပါသည်။ တမာနုချိန်စစ်တမ်းသည် ဆရာ၏ကျော်ကြားသောအက်ဆေးတစ်ပုဒ်ဖြစ်ပါသည်။ တပို့တွဲကုန်၊ တပေါင်းအကူး၊ နွေ၏အဦးအစဖြစ်သောအညာကို မက်မက်စက်စက်လွမ်းထားခြင်း ဖြစ်သည်။ ဆရာ၏ အညာလွမ်းချင်းတွင် 'တမာ'သည် အဓိကဇာတ်ဆောင်ဖြစ်သည်။ (စာ - ၁၂၂ မှ)

---

# အဝေးသင် စီးပွားရေးတက္ကသိုလ် အထူးပြုဘာသာရပ် အနီးကပ်သင်တန်းတွေကို စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်ကြရတော့မည်

မြစ်ကြီးနား၊ ဩဂုတ်၃၀

စီးပွားရေးမေဂျာကို အထူးပြုယူထားသည့် အဝေးသင်တက္ကသိုလ် ကျောင်းသားများသည် အနီးကပ် သင်တန်းများကို စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်ရတော့မည်ဟု သိရသည်။

စီးပွားရေး အထူးပြု ဘာသာရပ်များဖြစ်သော စီးပွားရေးပညာရေးနှင့် စီးပွားစီမံဘာသာရပ်များ၏ အနီးကပ်သင်တန်းများကို ယခင်က သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ် ဌာနခွဲများတွင် တက်ရောက်ခဲ့သော်လည်း ယခုစာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် ကျောင်းသားများ လက်ထက်မှစတင်၍ အထက်/အောက်မြန်မာပြည် စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်ကြရတော့မည် ဖြစ်သည်။

စီးပွားရေးတက္ကသိုလ်များဖြစ်သော ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာ စီးပွားရေးတက္ကသိုလ်များတွင် တက်ရောက်ရမည်ဆိုခြင်းကို မြစ်ကြီးနားအဝေးသင်တက္ကသိုလ်ဌာနခွဲမှ ညွှန်ကြားချက် ရောက်ရှိလာပါက ကျောင်းသားများကို အသိပေးလုပ်ဆောင်သွားမည်ဖြစ်သည်ဟု စီမံဌာနမှူး ဦးဘောမ်ယိန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခု လောလောဆယ်တော့ ဆရာကြီးတို့ဘာမှမပြောနိုင်သေးဘူး။ ညွှန်ကြားချက်ကလည်းရောက်မလာသေးတော့ ပြောဖို့ခက်နေတယ်။ ဒါပေမယ့် အခုလ စက်တင်ဘာလ ၇ ရက်နေ့လောက်ကို ကျောင်းကိစ္စနဲ့ ဆရာတို့ဆီကနေဆရာမ တစ်ယောက် အစည်းအဝေးသွားမယ်။ သူပြန်လာလောက်မှ ဘာကဘယ်လို ဖြစ်တယ်ဆိုတာသိရမှာပါ"ဟု ဦးဘောမ်ယိန်းက ပြောသည်။

ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်တို့မှ ကျောင်းသားများက ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ ကချင်၊ ချင်း၊ ရှမ်းပြည်နယ်(မြောက်)တို့မှ ကျောင်းသားများက မုံရွာတွင်လည်းကောင်း၊ မကွေး၊ မန္တလေးတိုင်း၊ ရှမ်း(တောင်)၊ ရှမ်း(အရှေ့)နှင့် ကယားပြည်နယ်များမှ ကျောင်းသားများက မိတ္ထီလာတွင်လည်းကောင်း တက်ရောက်ရမည် ဖြစ်သည်။

ယခုလက်ရှိအချိန်တွင် ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်ဌာနခွဲ လက်အောက်၌ ဌာနခွဲ ၃၆ ခု ရှိပြီး ထိုဌာနခွဲများတွင် အထူးပြုဘာသာရပ် ၁၅ ခုကို သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)

---



# ကချင်ဟင်းခတ်အမွှေးအကြိုင်သုံး ဝက်အူချောင်း ထုတ်လုပ်နေတဲ့ ကချင်လူငယ်သုံးဦးနဲ့ တွေ့ဆုံမေးမြန်းခြင်း




ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ Lusha Foods Company ကို ကချင်လူငယ်သုံးဦးမှ ၂၀၁၇ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ကချင်ဝက်အူချောင်း (Kachin Herb Sausage) ကို ထုတ်လုပ်ခဲ့ကြောင်း သိရပါတယ်။ သူတို့ဟာ အခုလက်ရှိ မြစ်ကြီးနားမြို့ စက်မှုတိုးချဲ့ ရပ်ကွက်မှာ ထုတ်လုပ်နေတယ်လို့သိရတဲ့အတွက် ကချင်ပြည်နယ်မှာ ဒေသထွက် ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ ပထမဆုံးထုတ်လုပ်တဲ့ ဝက်အူချောင်းက တခြားဒေသတွေက ထုတ်တဲ့ ဝက်အူချောင်းတွေနဲ့ ဘယ်လိုကွာခြားလဲဆိုတာ သိရအောင် မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

Lusha Foods Company ကို ကချင်လူငယ်သုံးဦးက တည်ထောင်ပြီး ကချင်ဟင်းခတ်အမွှေးအကြိုင်တွေသုံးပြီး ဝက်အူချောင်းထုတ်လုပ်တယ်လို့ သိရတယ်။ ပထမဦးဆုံးအနေနဲ့ အစ်ကိုတို့တွေရဲ့ နာမည်လေးတွေ မိတ်ဆက်ပေးပါဦး။

Mung Ring La, Se Li Awng နဲ့ Seng Noi Awng တို့ ဖြစ်ပါတယ်။

သုံးယောက်ပေါင်းပြီး တည်ထောင်တာဆိုတော့ လုပ်ငန်းကို ဘယ်လိုတာဝန်တွေခွဲထားရလဲ။

Managing Director အဖြစ် ကျွန်တော် Se Li Awng (product development)၊ ပြီးတော့ Director အဖြစ် Seng Noi Awng (Sales and Distribution)၊ Mung Ring La ကတော့ Business Strategy/ Organization Development အပိုင်း တာဝန်ယူတယ်။

ကချင်ဟင်းခတ် အမွှေးအကြိုင်တွေသုံးပြီးဝက်အူချောင်း ထုတ်လုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က ဘာဖြစ်မလဲ။

စားသုံးသူတွေကို ယုံကြည်ချက်ရှိရှိ စားသုံးစေချင်တယ်။ စားသုံးသူ အဆင်ပြေပြေနဲ့ ကျန်းကျန်းမာမာဖြစ်ဖို့ ရည်ရွယ်ပါတယ်။ ပြီးတော့ ကချင်လူငယ်တွေကို အလုပ်ရစေချင်တယ်။

ဒီအလုပ်ကို ဘယ်လိုစိတ်ကူးတွေကြောင့် ရွေးချယ်ဖြစ်ခဲ့တာလဲ။

လူနေမှုအဆင့်အတန်းမြင့်မားလာတာနဲ့အမျှ အစားအသောက်တွေမှာ အားနည်းနေတယ်။ Meat Consumption က များတယ်။ ဒါပေမယ့် Safety Meat မရှိတဲ့အတွက် အဲဒီဈေးကွက်ကိုကြည့်ပြီး Safety Meat ကို ဈေးကွက်မှာဖြန့်ဖို့ ၂၀၁၆ ခုနှစ်မှာ idea ရပြီး စီစဉ်ဖြစ်ခဲ့တယ်။

တခြား ဝက်အူချောင်းတွေနဲ့ ဘယ်လိုကွာခြားမှုရှိပါသလဲ။

ဒေသထွက် ကချင်ဟင်းခတ်အမွှေးအကြိုင် magram (သစ်ကြံပိုးခေါက်)ကို သုံးထားတယ်။ ဝက်အူအစစ်ကို သုံးထားတယ်၊ ဟင်းချိုမှုန့်တွေ၊ ဓာတုဆိုးဆေးတွေ၊ တာရှည်ခံဆေးတွေ သုံးမထားဘူး။ အသင့်စားနိုင်အောင် (အကျက်) ထုတ်ထားတယ်။ ဝက်အူချောင်းထဲမှာထည့်တဲ့ အဆီဆိုရင်လည်း ဝမ်းဗိုက်ကအဆီကို မသုံးဘူး၊ ဝက်ဂုတ်ပိုးက အဆီကို သုံးထားတယ်။

ဒီပညာကို ဘယ်မှာ လေ့လာခဲ့တာလဲ။

နည်းပညာကတော့ ထိုင်းနည်းပညာဟုတ်တယ်။ သင်လာခဲ့တာလည်း ထိုင်းကပဲ။ Industry Company မှာ သင်တယ်။ ဘန်ကောက်၊ ချင်းမိုင်တွေသွားတယ်။ အဲဒီအနီးအနားကမြို့တွေမှာ သွားတယ်။ Sausage Factory ရှိတဲ့နေရာအများစုတွေမှာ သွားတယ်။ မြန်မာပြည်က Sausage ထုတ်တဲ့ ကယားပြည်ကိုလည်း ရောက်တယ်။ Idea တွေ ယူတယ်။ လာအို၊ ကမ္ဘောဒီးယားတို့လည်း သွားတယ်။ အဲဒီက နေအကောင်းဆုံးကို Mix လုပ်ပြီး ထုတ်လုပ်တယ်။

မြစ်ကြီးနားမှာ ဘယ်နေ့က စတင်ထုတ်လုပ်ပြီး ရောင်းချခဲ့တာလဲ။

၂၀၁၇ ခုနှစ် ဒီဇင်ဘာမှာ official register စလုပ်ခဲ့တယ်။ မတ်လမှာ ကျင်းပပြုလုပ်ခဲ့တဲ့ KBC အသင်းတော်ရဲ့ ၃၈ ကြိမ်မြောက် အစည်းအဝေးမှာ ပထမဦးဆုံး စတင်ဖြန့်ဖြူးရောင်းချခဲ့တယ်။

မြစ်ကြီးနားအပြင် တခြားဘယ်ကို ဖြန့်ဖြူးသေးလဲ။

ကချင်ပြည်မှာတော့ မိုးညှင်းရောက်ပြီ၊ မြန်မာပြည်မှာဆိုရင် မုံရွာရောက်ပြီ၊ ရန်ကုန်ရောက်တယ်။ ရန်ကုန်မှာတော့ ကချင်စားသောက်ဆိုင်တွေမှာတင်တယ်။ မြစ်ကြီးနားမှာတော့ အကင်ကိုအများဆုံးထားတဲ့ဆိုင်တွေမှာ ၆၀ ရာခိုင်နှုန်းလောက်ရောက်ပြီလို့ ပြောလို့ရတယ်။

ဝက်အူချောင်းဈေးနှုန်းကို ဘယ်လိုသတ်မှတ်ထားလဲ။

ဈေးနှုန်းက အခုလောလောဆယ်တော့ ခန့်မှန်းခြေ အကျက်တစ်ထုပ်၃၀၀ဂရမ်ကို ၃၇၀၀ ကျပ်၊ အစိမ်းကတော့ ၃၅၀၀ ကျပ်ရောင်းတယ်။ လာမယ့်လတွေမှာ ဈေးနှုန်းလျှော့ဖို့ plan ရှိတယ်။

ကျန်းမာရေးအတွက် ဘယ်လောက်ထိ အာမခံချက်ရှိလဲ။

ကျန်းမာရေးနဲ့ ပတ်သက်ပြီး၁၀၀% အပြည့်အာမခံချက်ရှိတယ်။

ဘယ်လောက်အဆင့်အထိ ထုတ်လုပ်ဖို့ စီစဉ်ထားလဲ။

Sausage omru meat product နဲ့ဆိုင်တာ အကုန်လုံးလုပ်မယ်လို့ စဉ်းစားထားတယ်။ English Sausage omru sausage နဲ့ဆိုင်တဲ့ အကုန်လုံးလုပ်မယ်။ တန်ဖိုးမြင့်အသားထုတ်ကုန်ကို ထုတ်လုပ်ဖို့ဦးတည်တယ်။

ဝယ်ယူစားသုံးသူတွေကို ဘာများပြောချင်ပါသလဲ။

အခုချိန်မှာ အစပဲပြုလုပ်တဲ့အတွက်ကြောင့် ကောင်းတယ်ဆိုရင်လည်း ကောင်းတယ်၊ မကောင်းဘူးဆိုရင်လည်း မကောင်းတဲ့အကြောင်းကို feedback ပေးပါလို့။ အားပေးကြသူတွေကို ကျေးဇူးတင်ပါတယ်။

လိပ်စာက

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စက်မှုရပ်ကွက်၊ တ/၄၉ ဖြစ်ပါတယ်။

ဟုတ်၊ အခုလိုဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း ကျေးဇူးတင်ပါတယ်။

မျိုးမြတ်မြတ်ပန်

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ခတ်ချို (၁ပြည်) | ၂၂၀၀ကျပ် |
| ချင်းသုံး (၁ပြည်) | ၁၆၀၀ ကျပ် |
| ပေါ်ဆန်းမွှေး (၁ပြည်) | ၂၈၀၀ ကျပ် |
| လုံးသွယ်မွှေး (၁ပြည်) | ၂၂၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၇၀၀၀/၁၄၀၀၀ကျပ် |
| ငါး(ငါးမြစ်ချင်း) | ၄၅၀၀ကျပ် |
| ငါးတန် (၁ပိဿာ) | ၃၀၀၀ ကျပ် |
| ငါးခူ (၁ပိဿာ) | ၄၀၀၀ ကျပ် |
| ငါးကြင်း (၁ပိဿာ) | ၆၀၀၀ ကျပ် |
| ပုဇွန် အကြီး (၁ပိဿာ) | ၂၄၀၀၀ ကျပ် |
| ပုဇွန် အသေး (၁ပိဿာ) | ၂၀၀၀၀ ကျပ် |
| ပုဇွန် ငါးပိ (၁ပိဿာ) | ၁၅၀၀ ကျပ် |
| ကင်းမွန် (၁ပိဿာ) | ၁၆၀၀၀ ကျပ် |
| အိမ်ကြက် (၁ပိဿာ) | ၁၁၀၀၀ကျပ် |
| ရိုးရိုးကြက် (၁ပိဿာ) | ၅၀၀၀ကျပ် |
| ဝက်သား (၁ပိဿာ) | ၁၂၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၀၀၀ကျပ် |
| မြန်မာအာလူး | ၁၀၀၀ကျပ် |
| တရုတ်အာလူး (၁ပိဿာ) | ၁၀၀၀ ကျပ် |
| ကုလားပဲ | ၂၅၀၀ကျပ် |
| ကြက်ဥ | ၁၅၀ကျပ် |
| ဘဲဥ | ၂၀၀ကျပ် |
| မြေပဲဆံ ၁ပိဿာ | ၃၃၀၀ ကျပ် |
| ကြက်သွန်နီ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ဗမာ/တရုတ် | ၂၅၀၀ /၁၃၀၀ကျပ် |
| ငရုတ်သီးစိမ်း ၁ပြည်/ပိဿာ | ၁၅၀၀/၂၅၀၀ကျပ် |
| ငရုတ်သီး ခြောက် (၁ပိဿာ) | ၆၀၀၀ကျပ် |
| ချင်း | ၂၀၀၀ကျပ် |
| စားအုန်းဆီ (၁ပိဿာ) | ၂၀၀၀ ကျပ် |
| မုန်ညင်းဆီ (၁ပိဿာ) | ၂၅၀၀ ကျပ် |

## ရွှေဈေး

| | |
|---|---|
| ခေါက်ရွှေ | ၉၈၃၀၀၀ |
| ခေါက်စပ် (ဒင်္ဂါးစပ်) | ၉၂၂၀၀၀ |

## ဆိုင်ကယ်ဈေးနှုန်း (KENBO Showroom)

| | |
|---|---|
| KENBO Digital/ရိုးရိုး | ၇၅၅၀၀၀/၇၃၅၀၀၀ ကျပ် |
| CANDA | ၅၆၅၀၀၀ ကျပ် |
| SHAYAN | ၅၆၅၀၀၀ ကျပ် |
| FEILING | ၅၆၅၀၀၀ ကျပ် |
| JIA LING | ၆၆၅၀၀၀ ကျပ် |
| CYCLONE | ၁၀၀၅၀၀၀ ကျပ် |

# နမ္မတီးတွင် အဆင်မပြေ၍ ပမ္မတီးစစ်ရှောင်စခန်းသို့ ပြောင်းရွှေ့နေထိုင်သော မိသားစုများ အစစအရာရာ ခက်ခဲနေသေး

မြစ်ကြီးနား၊ စက်တင်ဘာ ၆

နမ္မတီးမြို့တွင် စစ်ရှောင်စခန်းတာဝန်ခံနှင့် အဆင်မပြေမှုကြောင့်ဟုဆိုကာ လွန်ခဲ့သော နှစ်ပတ်ခန့်က မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်ရှိ စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့လာသော မိသားစုများမှာ စားဝတ်နေရေးနှင့် လျှပ်စစ်မီးအခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။

စစ်ဘေးရှောင် မိသားစုဝင် ၁၄၂ ဦးသည် အဆောက်အအုံမရှိသေး၍ မိုးကာတဲ့ခို လှုံနေရရာ လက်ရှိ ရာသီဥတုဒဏ်ဖြင့်နေထိုင်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်နေရကြောင်း စခန်းတာဝန်ခံ ဦးအားဖီက ပြောကြားသည်။

"နှစ်ပတ်ရှိပြီ၊ အခုလိုနေရတာ အရမ်းခက်ခဲတယ်။ တချို့လူတွေဆိုရင် ကျန်းမာရေးမကောင်းတော့ မိုး ကာတဲပုပုလေးမှာက နေရထိုင်ရတာလည်း လုံးဝအဆင်မပြေတဲ့ကြားက ပိုခက်တာက ဟင်းဖိုးကမရှိဘူးလေ။ အပြင်မှာ အလုပ်လုပ်မယ်ဆိုလည်း ဘယ်သူမှ လာမခေါ်ဘူး။ နေ့စားရှိတဲ့နေ့ဆိုရင်တော့ သွားလုပ်ကြတယ်။ မရှိရင်တော့ ဒီအတိုင်းပဲ နေရတာပေါ့"ဟု ဦးအားဖီက ပြောသည်။

စစ်ရှောင် ကလေးငယ်များ၏ ပညာရေးသည် အလွန်နှောင့်နှေးနေကြောင်း၊ ကျောင်းသုံးပစ္စည်းများ ကလေးကျူရှင်လခများ၊ အဆောင်ကြေးများလည်း ထည့်ဝင်နိုင်ခြင်းမရှိကြောင်း၊ စစ်ရှောင်ပြည်သူ ဦးငွားဆီထွေက ဆက်လက်ပြောကြားသွားသည်။

"ဦးလေးမှာက ကလေး ၆ ယောက်ရှိတယ်။ အကြီးမကဆယ်တန်းမှာငွေရေးကြေးရေး



အခြေအနေကြောင့် ကျောင်းထွက်ရတယ်။ နောက်ထပ် ၅ ယောက်က ကျောင်းတက်နေတယ်။ ဒါပေမဲ့ကျူရှင်ထားဖို့က ဘယ်တတ်နိုင်မလဲ။ ဟင်းဖိုးတောင်အနိုင်နိုင်လေ၊ အိမ်မှာ စာကျက်မယ်ဆိုလည်း မီးကအဆင်မပြေဘူး။ ဒါကြောင့်ကလေးတွေက စာလည်းကျက်ဖို့အဆင်မပြေဘူး"ဟု ဦးငွားဆီက ပြောကြားသည်။

အဆိုပါ စစ်ရှောင်မှ မိခင်တစ်ဦးဖြစ်သူ ဒေါ်နန်ဂျာကလည်း ၎င်းတို့ မိုးကာတဲဖြင့်နေထိုင်ရခြင်းကြောင့် အဆင်မပြေကြောင်းနှင့် အလုပ်အကိုင်အခွင့်လမ်းများလည်း လိုအပ်နေကြောင်း ပြောသည်။

"ကလေးဆိုတော့ ကစားချင်ပေမဲ့ ဒီနေရာက အခုမှနေရာသစ်ဆိုတော့ သစ်ငုတ်တွေ အရမ်းရှိတယ်။ ဒီမိုးကာတဲထဲမှာ နေရတာလည်း ညည ဆို ကလေးက အိပ်မပျော်ဘူး။ အရမ်းပူတယ်၊ မိုးကာကလည်း နိမ့်နိမ့်လေးဆိုတော့ အဆင်မပြေဘူး"ဟု ဒေါ်နန်ဂျာက ပြောသည်။

အဆိုပါစစ်ရှောင်ပြည်သူများသည် တနိုင်းဒေသကဆုန်မှ ပြောင်းရွှေ့လာသူများဖြစ်ကာ မိုးကောင်းမြို့နယ်၊ နမ္မတီး AG ဘုရားကျောင်းတွင် ၄ လ ခန့်ခိုလှုံခဲ့ရာ အဆင်မပြေမှုများကြောင့် ဩဂုတ်လ ၂၂ ရက်က ပမ္မတီးနယ်မြေ ၅ ရှိ COC ဘုရားကျောင်းဝင်းသို့ ပြောင်းရွှေ့လာသူများ ဖြစ်ကြောင်း သိရသည်။

Ah Je

# ဈေးကွက်အတွင်းမှ အစားအသောက်များသည် စိတ်ချရမှု မရှိသေးဟု FDA ပြောကြား

မြစ်ကြီးနား၊ စက်တင်ဘာ ၆

ပြည်သူလူထု နေ့စဉ်စားသုံးနေကြသည့် ဈေးကွက်အတွင်းမှ အစားအသောက်များသည် စားသုံးသူတို့၏ ကျန်းမာရေးအတွက် စိတ်ချရသည့်အဆင့်မရှိကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) အကြီးအကဲတစ်ဦးက ပြောကြားလိုက်သည်။

"အစားအသောက်တွေက လုံခြုံစိတ်ချရမှုမရှိသေးပါဘူး။ မရှိသေးတဲ့အကြောင်းရင်းကလည်း FDA က ပြုလုပ်တဲ့လုပ်ငန်းတွေက အစားအသောက်ဖြစ်စဉ်ကြီး တစ်ခုလုံးကို ထိန်းချုပ်လို့ မရပါဘူး။ အစားအသောက်တွေက စပြီးတော့ စိုက်ပျိုးထုတ်လုပ်ကတည်းကနေ ဟိုး Final Product ရောက်တဲ့အပေါ် ကိုယ်စားနိုင်တဲ့အဆင့်ထိ အဆင့်တိုင်း အဆင့်တိုင်းမှာ တာဝန်ရှိပါတယ်"ဟု FDA မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်က ပြောသည်။

အဆိုပါ အစားအသောက်နှင့်ဆေးဝါးများလုံခြုံစိတ်ချရန် ကုန်ထုတ်လုပ်သူများက အလွန်အရေးကြီးကြောင်း၊ ၎င်းတို့က အများအကျိုးကို ကြည့်၍ စေတနာထား စိုက်ပျိုးထုတ်လုပ်ခဲ့လျှင် စစ်ဆေးရန်ပင် လိုအပ်မည်မဟုတ်ကြောင်း ၎င်းကပြောသည်။

"အစားအသောက်ကို စိုက်ကတည်းကနေ Finalist လုပ်တဲ့အထိ သူတို့သာကောင်းကောင်းမွန်မွန် လုပ်မယ်ဆိုရင်၊ နောက်ပြီး နိုင်ငံတကာစံချိန် စံညွှန်းအတိုင်း ထုတ်လုပ်မယ်ဆိုရင် ကျွန်မတို့ဆိုတဲ့FDA ဌာနကြီးတောင် ရှိစရာမလိုဘူး။ အဲဒီလိုမျှော်လင့်လို့ရတယ်"ဟု ဒေါက်တာခင်ချစ်က ဖြည့်စွက်ပြောကြားသည်။

ဘေးအန္တရာယ်ကြီးမားသောဆိုးဆေးလေးမျိုးနှင့်ပတ်သက်၍ Sudan Dyes အနီရောင်ဆိုးဆေးသည် ဖိနပ်သားရေများကို အရောင်ဆိုးသည့်ဆိုးဆေးဖြစ်ပြီး ထိုဆိုးဆေးများကို ငရုတ်သီးမှုန့်နှင့်အရောင်တင်မှုန့်များ ထုတ်လုပ်ရာတွင် အများဆုံးအသုံးပြုနေသဖြင့် လူ့အသည်းနှင့်ကျောက်ကပ်တို့ကို ပျက်စီးစေကြောင်း၊ ချည်ထည်၊ ပိုးထည်များတွင်ဆိုးသည့် ဆိုးဆေးတစ်မျိုးဖြစ်သော Aura Mine O ဆိုးဆေးသည် လည်ဖက်တွင် ထည့်သွင်းအသုံးပြုနေသည်ကို အများဆုံးတွေ့ရှိရသဖြင့် ရေရှည်တွင် ခန္ဓာကိုယ်ကြီးထွားမှုကိုထိခိုက်စေနိုင်ပြီး အသည်းနှင့်ကျောက်ကပ်များကို ပျက်စီးစေကာ ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း၊ ဓာတ်ခွဲခန်းများတွင်အသုံးပြုပြီး ချည်ထည်၊ ပိုးထည်ဆိုးဆေး Rhoda mine B ဆိုးဆေးကိုလည်း ငါးပိကို အရောင်တင်ရာတွင် အသုံးပြုနေရာ အစားအိမ်အူလမ်းကြောင်း ရောင်ရမ်းခြင်း၊ ပို့အန်ခြင်း၊ ဦးနှောက်အာရုံကြော ထိုင်းမှိုင်းစေကြောင်း၊ Orange 2 ခေါ် လိမ္မော်ရောင်ဆိုးဆေးကို ငရုတ်သီးမှုန့်၊ယိုစုံနှင့် ပဲနီလေးတို့တွင် မျက်စိပသာဒရှိအောင် ထည့်သွင်းအသုံးပြုလျက်ရှိရာ အာဟာရ တစ်စုံတစ်ရာမပါဘဲ ဆိုးကျိုးများသာပေးနေကြောင်း FDA မှ သတိပေးထားသည်။

ဆိုင်း(ကချင်မြေ)

# ကချင်ပြည်နယ်ရှိ တီဘီရောဂါဝေဒနာရှင်များကို နယ်လှည့်၍ အခမဲ့ကုသပေးနေ

မြစ်ကြီးနား၊ စက်တင်ဘာ ၅

မြစ်ကြီးနားTBဌာနမှဆရာဝန်များနှင့် 3 MDG အဖွဲ့အစည်းတို့ ပူးပေါင်း၍ ပြည်နယ်အတွင်း လှည့်လည်ကုသပေးလျက်ရှိရာ စက်တင်ဘာလ ၅ ရက်နေ့က ဝိုင်းမော်မြို့နယ်မှ ဝေဒနာရှင်များကို အခမဲ့လာရောက်ကုသခဲ့သည်။

ရပ်ကွက်(၃)ရှိ AG အသင်းတော်၌ လာရောက်ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကုသမှုအစီအစဉ်ကို တစ်လလျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် ပူး




ပေါင်းဆောင်ရွက်ကြောင်း တီဘီဌာနမှ ဒေါက်တာမျိုးမြင့်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့ ကချင်ပြည်နယ်မှာဆိုရင်တီဘီရောဂါတွေက ပေါတယ်လေ။ ဒါကြောင့် ဒီလိုလိုက်ပြီး ကုသနေတာ တချို့လူတွေက ရောဂါရှိလည်း ပိုက်ဆံမရှိတော့ မကုနိုင်ကြဘူး။ ဒါကြောင့် 3MDG အဖွဲ့နဲ့ပေါင်းပြီး အခုလိုကုသခြင်းဖြစ်တယ်"ဟု ဒေါက်တာမျိုးမြင့်အောင်က ပြောသည်။

ယင်းသို့ အခမဲ့ကုသခြင်းကို ဗန်းမော်မြို့တွင်လည်း ဆက်လက်ကုသသွားမည်ဖြစ်ကာ ကချင်ပြည်နယ်တွင် တီဘီဝေဒနာသည်များ မရှိသလောက် လျော့နည်းသွားအောင် အတတ်နိုင်ဆုံးကြိုးပမ်းသွားမည်ဟု ဒေါက်တာမျိုးမြင့်အောင်က ဆက်လက်ပြောကြားသည်။

တီဘီရောဂါကုသမှုကို လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစတင် လိုက်လံကုသခဲ့ခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ခုနှစ်အထိ အခမဲ့ ကုသစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

Ah Je

# ပြည်နယ်ဒေသအလိုက် ပြုစုနေသည့် သင်ရိုးညွှန်းတမ်းများကို တိုင်းရင်းသားမျိုးနွယ်စုများ အားရကျေနပ်

မြစ်ကြီးနား၊ စက်တင်ဘာ ၆

ဒေသအလိုက်ပြည်နယ်အဆင့် ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းစာအုပ်များ ပြုစုနေမှုနှင့် ပတ်သက်၍ ကချင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားမျိုးနွယ်စုများက ကြိုဆိုထောက်ခံနေကြသည်။

ယခင်က ပြဋ္ဌာန်းစာအုပ်များကိုပညာရေးဝန်ကြီးဌာနမှ ရေးဆွဲလေ့ရှိသော်လည်း ယခုသင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲနေမှုကို ပညာရေးဝန်ကြီးဌာနအပြင် တိုင်းရင်းသားမျိုးနွယ်စုများကပါ ပူးပေါင်းပါဝင်၍ မိမိတို့တိုင်းရင်းသားမျိုးနွယ်စုများအကြောင်း၊ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် သမိုင်း၊ လူပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြခွင့်ရရှိလာခြင်းကြောင့်ဖြစ်သည်။

"အခုဆိုရင် ပြဋ္ဌာန်းစာအုပ်တွေကို ပညာရေးက ၈၀ ရာခိုင်နှုန်းလောက် ရေးဆွဲတယ်။ ကျန်တိုင်းရင်းသား မျိုးနွယ်စုတွေက ၂၀ ရာခိုင်နှုန်းလောက် ရေးဆွဲခွင့်ရလာတယ်။ ဒါကိုအစိုးရက ခွင့်ပြုပေးလာတယ်။ စာသင်ချိန်တွေမှာပါဝင်သင်ကြားခွင့်တွေရလာတယ်။ သင်ကြားချိန်က အစကျွန်မတို့ပါဝင်ရေးဆွဲလာရလို့ အားရကျေနပ်မှုရှိလာတယ်လို့ ပြောလို့ရတယ်"ဟု ဒေသအလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် လုပ်ငန်းကော်မတီဝင်တစ်ဦးအဖြစ် ပါဝင်နေသော တိုင်းလိုင်(ရှမ်းနီ) စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို)ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးရည်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ ဒေသအလိုက် သင်ရိုးညွှန်းတမ်း ရေးဆွဲကြရာတွင် ပါဝင်သည့် လူမျိုးစုအလိုက် ကိုယ်စားလှယ်များက မိမိတို့ပြည်နယ်အတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ပထဝီ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ပိုမိုသိရှိနားလည်ပြီး တန်ဖိုးထားတတ်စေရန်၊ ဒေသတွင်း ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရာတွင် အထောက်အကူပြုမည့် အကြောင်းအရာများကိုထည့်သွင်းရန်၊ ဒေသနှင့်ကိုက်ညီသည့် အသိပညာ၊ အခြေခံအတတ်ပညာများ သင်ကြားတတ်မြောက်ပြီး လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်၊ တိုင်းရင်းသား ဘာသာစကားများနှင့် စာပေများကို ကောင်းမွန်စွာ တတ်မြောက်ပြီး အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲကြခြင်းဖြစ်သည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကချင်ပြည်နယ်အစိုးရ၏ မူပိုင်ဖြစ်သော ဒေသအလိုက် သင်ရိုးညွှန်းတမ်းသည် ကချင်မျိုးနွယ်စု ခြောက်မျိုးနှင့် သျှမ်းမျိုးနွယ်စု ငါးမျိုးစုစုပေါင်း လူမျိုးစု ၁၁ မျိုး၏ ဘာသာစကားများကို မြန်မာဘာသာဖြင့်ရေးသား ထုတ်ဝေသွားမည်ဖြစ်ပြီး တိုင်းရင်းသား မျိုးနွယ်စုအလိုက်ရေးဆွဲထားသောပြဋ္ဌာန်းစာအုပ်မူကြမ်းများကို ယခုလကုန်တွင် ပြည်နယ်ပညာရေးမှူးရုံးသို့ တင်သွင်းရမည်ဖြစ်ကြောင်း ဒေါ်ခင်ပြုံးရည်က ပြောသည်။

"ဒီ ပြဋ္ဌာန်းစာအုပ်က ကလေးတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာလည်း မဟုတ်ဘူး။ စာမေးပွဲလည်း စစ်မှာမဟုတ်ဘူး။ တကယ်တော့ ဒီစာအုပ်က ကိုယ့်လူမျိုးစုရဲ့ဘာသာစာပေ၊ ယဉ်ကျေးမှုတွေကို မပျောက်ပျက်အောင် ရည်ရွယ်ပြီးလုပ်ထားတာမို့လို့ပါပဲ"ဟု ယင်းက ပြောသည်။

ထိုသင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းကို ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)မှ အဓိက ပံ့ပိုးပေးထားပြီး လာမည့်စာသင်နှစ်အမီ ထုတ်ဝေနိုင်ရန်စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

**မြစ်ကြီးနာဂျာနယ်မှာ ကြော်ငြာပါ**

လူကြီးမင်းတို့၏
အမည်ပြောင်းကြော်ငြာများ ၊
ပစ္စည်းပျောက်ကြော်ငြာများ၊
မွေးနေ့ဆုတောင်းများကို
မြစ်ကြီးနားသတင်းဂျာနယ်မှာ
ထည့်သွင်းကြော်ငြာနိုင်ပါသည်။
စာစောင်ပေါ်တွင် သင့်တင့်သော
ဈေးနှုန်းဖြင့် အခပေးကြော်ငြာ
ရုံဖြင့်စာဖတ်ပရိသတ်
၅သိန်းနီးပါးရှိသော
Myitkyina News Journal Facebook Page တွင်အခမဲ့
ကြော်ငြာပေးသွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်**

ဖုန်း - ၀၉-၄၀၀၀၁၂၁၉၃၊ ၀၉-၄၀၀၀၄၈၆၈၀
Email: myitkyinajournal@gmail.com

# ကချင်ပြည်နယ် အကျယ်အဝန်း၏ သုံးပုံတစ်ပုံခန့် နေရာယူလာသည့် ထိန်းသိမ်းရေးနယ်မြေများကို ဌာနေတိုင်းရင်းသားများ မနှစ်သက်

မြစ်ကြီးနား၊ စက်တင်ဘာ ၄

ကချင်ပြည်နယ်အတွင်း ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းရေးနယ်မြေ ကာကွယ်စောင့်ရှောက်ရေးဥပဒေနှင့် နည်းဥပဒေကြမ်းအပေါ် ဒေသခံ ဌာနေတိုင်းရင်းသားများ၊ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ၏ ဆန်းစစ်သုံးသပ်ချက်များဖြင့် ပြုပြင်ပေးရန် သက်ဆိုင်ရာအစိုးရနည်းဥပဒေပြုကော်မတီထံသို့ပြည်နယ်တွင်းရှိ အစိုးရမဟုတ်သော အရပ်ဘက် အဖွဲ့အစည်းများက တောင်းဆိုလိုက်သည်။

ပြည်နယ်အတွင်း ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းနယ်မြေ ကာကွယ်ထိန်းသိမ်းရေး စီမံချက်ပြုလုပ်မည့် ဒေသများမှာခါကာဘိုရာဇီ၊ဖုန်ကန်ရာဇီ၊ ဘွမ်ဖာဘွမ်၊ ဟူးကောင်းဒေသကျားထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေ (စစ်ကိုင်းတိုင်းဒေသကြီး နယ်မြေအချို့ပါဝင်)၊ ပိတောင်သဘာဝ ထိန်းသိမ်းရေးဇရိယာ၊ အင်းတော်ကြီးအိုင်၊ အီမောဘွမ်တောင်ဒေသတို့ ဖြစ်သည်။

အဆိုပါ သဘာဝထိန်းသိမ်းရေးနယ်မြေ ၇ ခု၏ အကျယ်အဝန်းမှာ စုစုပေါင်း ၄၉၄၅၁၅၁ ဧကရှိသဖြင့် ဧကပေါင်း ၂၂၀၀၂၅၆၀၊ (၃၄၃၇၉ စတုရန်းမိုင်၊ ၈၉၀၄၁ စကွဲယားကီလိုမီတာ) ကျယ်ဝန်းသည့် ကချင်ပြည်နယ်ဧရိယာ၏ သုံးပုံတစ်ပုံကျော်ရှိနေသဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ သဘာဝထိန်းသိမ်းနယ်မြေ စီမံချက်စုစုပေါင်း၏ တစ်ဝက်မှာ ကချင်ပြည်နယ်တွင် ဖြစ်နေကြောင်း သိရသည်။

ကချင်ပြည်နယ်ဒေသခံဌာနေတိုင်းရင်းသားများနှင့် ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ၏ တောင်းဆိုထားသည့် အချက် ၇ ချက်မှာ (၁)ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံချက်များကို ၎င်းဒေသရှိ ဒေသခံဌာနေတိုင်းရင်းသားများကို ကြိုတင်အသိဆွေးနွေးတိုင်ပင်မှုမရှိခြင်း၊ ဒေသခံ ဌာနေတိုင်းရင်းသားများ၏ ဆန္ဒသဘောထားရယူမှုမရှိဘဲ ထိန်းသိမ်းကာကွယ်ရေးဇုန်နယ်မြေ ဧကပေါင်း သိန်းချီ သတ်မှတ်ခဲ့သောကြောင့် ဒေသခံ ဌာနေတိုင်းရင်းသားများမှာ နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်းကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ခြင်းခံနေရကြောင်း၊ (၂) စီမံချက်များကြောင့် ဒေသခံဌာနေတိုင်းရင်းသားများ၏ အစားအစာအုပ်စိုးစီမံမှုဖြစ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်း၊ အစားအစာရယူပိုင်ခွင့်၊ အစားအစာထုတ်လုပ်သည့်အခြေခံဖြစ်သော မြေယာ၊ ဒေသမျိုးရင်းပျောက်ကွယ်မှု၊ ဒေသခံဌာနေတိုင်းရင်းသားများ၏ အခြေခံအကျဆုံးဖြစ်သော လူမှုစီးပွားရေးလုပ်ငန်း(ရေနှင့်သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲသော အသက်မွေးဝမ်းကျောင်း) လက်လွတ်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေကြောင်း၊ (၃) ဒေသခံဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်သော ဒေသတွင်းလွတ်လပ်စွာသွားလာခွင့် ပိတ်ပင်ခံနေရကြောင်း၊ (၄) ဒေသခံဌာနေတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအရ အသုံးပြုခဲ့သည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ တန်ဖိုးထားရာ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့် ကန့်သတ်ခံရခြင်း၊ ဒေသခံဌာနေတိုင်းရင်းသားများ ယုံကြည်ကိုးကွယ်တန်ဖိုးထားသော အထွဋ်အမြတ်ထားရာ အမွေအနှစ်မြေနေရာများ၊ အမှတ်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ (၅) ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းနယ်မြေများကို ပြည်ထောင်စုအစိုးရ ထိန်းချုပ်နယ်မြေသတ်မှတ်မှု၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့၏ ဗဟိုချုပ်ကိုင်မှုများသည် ဖယ်ဒရယ်ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သော ပြည်နယ်အစိုးရကို အာဏာခွဲဝေပေးမှုများ ကင်းမဲ့နေကြောင်း၊ (၆)ဒေသခံဌာနေတိုင်းရင်းသားတို့၏ ဘိုးစဉ်ဘောင်ဆက် ကျင့်သုံးခဲ့သော မြေယာနှင့် သဘာဝပတ်ဝန်းကျင်များကို ရေရှည်တည်တံ့စေသော ဓလေ့ရိုးရာ၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ်အသုံးပြုခြင်းစနစ်ကို အသိအမှတ်ပြုခြင်း ကင်းမဲ့နေကြောင်း၊ (၇)လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသငြိမ်းချမ်းရေးမရှိသေးသည့် ကချင်ပြည်နယ်တွင် ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းကာကွယ်ရေးနယ်မြေများ သတ်မှတ်ထူထောင်ခြင်းသည်လည်း ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာနိုင်သောကြောင့် ဒေသခံဌာနေတိုင်းရင်းသားများ စိုးရိမ်သောကများနေရကြောင်း စသဖြင့် အချက် ၇ ချက်ကို ထည့်သွင်းစဉ်းစားပေးရန် ဌာနေတိုင်းရင်းသားများကိုယ်စား ပူတာအိုမြို့နယ်မှဦးချမ်ဖေရမ်၊ အင်းတော်ကြီးဒေသမှ ဦးတင်ထွန်း၊ ဟူးကောင်းဒေသမှ ဦးဇယ်ခေါင်၊ ချီဖွေမြို့နယ်မှ ဦးခေါချမ်းနှင့် ဆွမ်ပရာဘွမ်ဒေသမှ ဦးတူးဂျာတို့က လက်မှတ်ရေးထိုးစာတင်ခဲ့ကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းနယ်မြေ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် နည်းဥပဒေတွင် ဌာနေတိုင်းရင်းသားများ၏ လူ့အခွင့်အရေးများ၊ ယုံကြည်ကိုးကွယ်တန်ဖိုးထားရာ ရိုးရာယဉ်ကျေးမှုအခွင့်အရေးများ၊ ဒေသခံဌာနေတိုင်းရင်းသားများ၏ ဖက်ဒရယ် မြေယာအခွင့်အရေးများ၊ လူမှုစီးပွားတရားမျှတမှု၊ လူမှုဘဝ ငြိမ်းချမ်းရေးများကို အနှစ်သာရရှိစွာ လက်တွေ့လုပ်ဆောင်နိုင်သော နည်းဥပဒေဖော်ဆောင်ပေးရန် သက်ဆိုင်ရာအစိုးရ နည်းဥပဒေပြုကော်မတီထံသို့ ဌာနေတိုင်းရင်းသားများ၊ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများမှ တောင်းဆိုထားကြခြင်း ဖြစ်သည်။

မွန်းမွန်းပန်

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
(စက်တင်ဘာ ၁၀ ၊ ၂၀၁၈)

# အချက်အလက်ပိုင်းဆိုင်ရာ တိုက်ဆိုင်မှုများကြောင့် လက်စတာကဲ့သို့ ဗိုလ်စွဲနိုင်ရန် ဝက်ဖို့ဒ်အသင်း ပရိသတ်များ မျှော်လင့်နေကြောင်း သိရ

ပရီးမီးယားလိဂ်ပွဲစဉ် (၄) ယှဉ်ပြိုင်ကစားပြီးနောက် (၄) ပွဲစလုံး အနိုင်ရကာ ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား တတိယနေရာတွင် ရပ်တည်နေသော ဝက်ဖို့ဒ်အသင်းအား ၂၀၁၅-၁၆ ဘောလုံးရာသီက လက်စတာအသင်းမမျှော်လင့်ဘဲ ဗိုလ်စွဲသကဲ့သို့ ဗိုလ်စွဲနိုင်ရန် အသင်းအားပေးသူ ပရိသတ်များက မျှော်လင့်နေကြောင်း သိရသည်။



ဝက်ဖို့ဒ်အသင်းအား ပရိသတ်များက ဗိုလ်စွဲရန် မျှော်လင့်နေခြင်းမှာ အသင်း၏ရာသီအစ ရလဒ်ကောင်းမွန်မှုများအပြင် လက်စတာအသင်း ဗိုလ်စွဲစဉ်က အခြေအနေများနှင့် အချက်အလက်ပိုင်းဆိုင်ရာ တိုက်ဆိုင်မှုများကြောင့် ဖြစ်ကြောင်းလည်း သိရသည်။ လက်စတာအသင်းသည် ပရီးမီးယားလိဂ်တွင် အံ့ဖွယ်ဗိုလ် မစွဲမီ ရှေ့ရာသီဖြစ်သည့် ၂၀၁၄-၁၅ ဘောလုံးရာသီတွင် ရမှတ် (၄၁)မှတ်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၁၃)နေရာတွင် ရပ်တည်ခဲ့ရသကဲ့သို့ ဝက်ဖို့ဒ်အသင်းမှာလည်း ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် ရမှတ် ၄၁ မှတ်ဖြင့် အဆင့်(၁၃) နေရာတွင် ရပ်တည်ခဲ့ရသည်။

ထို့ပြင် ထူးခြားသည့် တိုက်ဆိုင်မှုအနေဖြင့် လက်စတာအသင်း၏ ၂၀၁၄ - ၂၀၁၅ ဘောလုံးရာသီက (၁၁) ပွဲနိုင်၊ (၈)ပွဲသရေ၊ (၁၉)ပွဲ ရှုံး ရလဒ်နှင့် ဝက်ဖို့ဒ်အသင်း၏ နိုင်၊ သရေ၊ ရှုံး ပွဲရလဒ်မှာ ထပ်တူထပ်မျှ တူညီနေခြင်းဖြစ်သည်။ အဆိုပါ တိုက်ဆိုင်မှုများကြောင့် ဝက်ဖို့ဒ်အသင်း ပရိသတ်များက ၎င်းတို့ အသင်းအား လက်စတာအသင်းကဲ့သို့ အံ့ဖွယ်ဗိုလ်စွဲနိုင်ရန် မျှော်လင့်နေကြခြင်းဖြစ်ကြောင်း သိရသည်။

## PSG ကွင်းလယ်ကစားသမား ရာဘီရော့ကို ခေါ်ယူနိုင်ရန် လီဗာပူးလ်အသင်းနည်းပြ ယာဂင်ကလော့ပ်က ကစားသမား၏ မိခင်ဖြစ်သူထံ ဆက်သွယ်ခဲ့ကြောင်း သိရ

ပရီးမီးယားလိဂ် အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်နေသော လီဗာပူးအသင်းသည် ပြင်သစ်လီဂူးဝမ်းကလပ် PSG အသင်းမှ ကွင်းလယ်ကစားသမား ရာဘီရော့ကို ခေါ်ယူနိုင်ရန် ကစားသမား၏ အေးဂျင့်လည်းဖြစ်သူ မိခင်ထံသို့ ဆက်သွယ်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် (၂၃)နှစ်အရွယ်သာ ရှိသေးသူ ပြင်သစ်ကွင်းလယ်ကစားသမား ရာဘီရော့သည် PSG အသင်းနှင့် ယခုနှစ် ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုရန် ငြင်းဆိုထားကြောင်း သိရသည်။ ထို့ကြောင့် ၎င်းအား ဘာစီလိုနာ၊ မန်စီးတီးနှင့် ဂျူဗင်တပ်အသင်းများကလည်း ခေါ်ယူရန် စုံစမ်းမေးမြန်းမှုများ ပြုလုပ်လျက်ရှိသည်။ သို့ရာတွင် ESPN သတင်းများ၏ ဖော်ပြချက်အရ လီဗာပူးလ်အသင်းနည်းပြ ယာဂင်ကလော့ပ်သည် ရာဘီရော့၏ ခြေစွမ်းကို အထူးနှစ်သက် သဘောကျခဲ့သူတစ်ဦးဖြစ်ပြီး ရာသီကုန်တွင် ပြောင်းရွှေ့ကြေး အလွတ်ဖြင့် ခေါ်ယူနိုင်ရန် ကစားသမား၏ အေးဂျင့်ဖြစ်သူ မိခင်ထံ ဖုန်းခေါ်ဆို ဆက်သွယ်ခဲ့ကြောင်း သိရှိရသည်။




## မန်ယူအသင်းတွင် အလက်ဆစ်ဆန်ချက် အကောင်းဆုံးခြေစွမ်း ပြန်လည်ပြသ လိမ့်မည်ဟု မန်ယူဂန္ထဝင်ကစားသမား ဘရိုင်ယန်ရော့ဘ်ဆင်ပြောကြား




မန်ယူအသင်း၏ ဂန္ထဝင်ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဘရိုင်ယန်ရော့ဘ်ဆင်က မန်ယူကွင်းလယ်ကစားသမား အလက်ဆစ်ဆန်ချက်သည် မန်ယူအသင်းတွင် မကြာမီ အကောင်းဆုံး ခြေစွမ်းပြန်လည်ပြသနိုင်လိမ့်မည်ဟုပြောကြားလိုက်သည်။

ချီလီလက်ရွေးစင်ကစားသမား ဆန်ချက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းမှ မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသည်။ ဘရိုင်ယန်ရော့ဘ်ဆင်က “ဆန်ချက်က ထိပ်တန်းအဆင့် ကစားသမားပါ။ မကြာခင် အကောင်းဆုံးပုံစံနဲ့ သူပြန်လာပါလိမ့်မယ်”ဟု ပြောကြားခဲ့သည်။

ကိုပြည့်စုံ (T.U)

## ပေါ့ဘာကို ဘာစီလိုနာအသင်းမှ အစဉ်အမြဲကြိုဆိုနေသည်ဟု တိုက်စစ်မှူးဆွာရက်ဇ်ပြောကြား




စပိန်ကလပ် ဘာစီလိုနာအသင်း၏ တိုက်စစ်မှူးဆွာရက်ဇ်က မိမိတို့ဘာစီလိုနာအသင်းအနေဖြင့် ကွင်းလယ်လူ ပေါ့ဘာကို အစဉ်အမြဲ ကြိုဆိုနေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပေါ့ဘာသည် မန်ယူအသင်းသို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး (၂)နှစ်တာကာလအတွင်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ခြင်း မရှိဘဲ နည်းပြမော်ရင်ဟိုနှင့်လည်း အဆင်မပြေမှုများ ရှိနေသည်။ အဆိုပါ အခြေအနေများကြောင့် ယခုရာသီအပြောင်းအရွှေ့ကာလအတွင်း ဘာစီလိုနာအသင်းနှင့် သတင်းများ ထွက်ပေါ်ခဲ့သူ ပေါ့ဘာနှင့် ပတ်သက်၍ ဆွာရက်ဇ်က “မန်ယူမှာ သူဆက်ကစားနေတာထက် အပြောင်းအလဲတစ်ခုကို စဉ်းစားသင့်ပါတယ်။ ဆုဖလားအောင်မြင်မှုတွေအတွက် အစမ်းသပ်ခံသင့်ပါတယ်။ ဘာစီလိုနာကတော့ သူ့ကိုအမြဲ ကြိုဆိုနေမှာ သေချာပါတယ်”ဟု ပြောကြားခဲ့သည်။

# အောင်လအင်န်ဆန် ကြေးရုပ်တု၊ သုံးလအတွင်း အပြီးဆောင်ရွက်မည်





အောင်လအင်န်ဆန် ကြေးရုပ်တု ဖြစ်မြောက်ရေးကော်မတီ

ဓာတ်ပုံ - Salai

မြစ်ကြီးနား၊ စက်တင်ဘာ ၇

MMA သိုင်းပေါင်းစုံ အားကစားနည်းတွင် ဝိတ်တန်းနှစ်ခု၌ ကမ္ဘာ့ချန်ပီယံအဖြစ် ရွှေခါးပတ်နှစ်ခု ရရှိထားသော အောင်လအင်န်ဆန်၏ ကြေးရုပ်တုကို မြစ်ကြီးနားမြို့တွင် သုံးလအတွင်း အပြီးတည်ဆောက်သွားမည်ဟု ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

စက်တင်ဘာလ ၅ ရက်တွင် ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီမှ အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ ယခုကဲ့သို့ သုံးလအတွင်း အပြီးတည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။

"မနက်ဖြန် သဘက်ခါကစပြီး လက်တွေ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးရဲ့ အဓိက ဆုံးဖြတ်ချက်က ဘယ်မှာလုပ်မယ်ဆိုတဲ့ တည်နေရာ မဂ္ဂယ်ခန်းမဆောင်ရဲ့ ဘေးမှာလုပ်မယ်လို့ သဘောတူ ဆုံးဖြတ်ထားပါတယ်။ သုံးလအတွင်း အပြီးဆောက်လုပ်ဖို့လည်း ဆုံးဖြတ်ထားပါပြီ"ဟု ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေလွမ်းက ပြောသည်။

ကုန်ကျစရိတ်အနေဖြင့် ကျပ်သိန်းနှစ်ရာနီးပါးခန့် ကုန်ကျမည်ဟု ကနဦးခန့်မှန်းခဲ့သော်လည်း ယင်းအစည်းအဝေးသို့တက်ရောက်လာသည့် ပညာရှင်များ၏ တွက်ချက်မှုအရ ကျပ် သိန်း ၄၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌက ပြောသည်။

"ဖောင်ဒေးရှင်းကို အခိုင်အမာပေ့ါ၊ ခုံလေးကိုနည်းနည်း မြင့်မြင့်လုပ်ထားတော့ ကုန်ကျစရိတ် နည်းနည်းများလာတာပေ့ါ။ အစကတော့ ကုန်ကျစရိတ်ကို တစ်ရာကျော် နှစ်ရာလောက်ပဲ မှန်းထားကြတာ ဒီနေ့ အင်ဂျင်နီယာတွေ လက်တွေ့ တွက်လိုက်တဲ့အခါကျတော့ ထင်ထားတာထက် ပိုလာတာပေ့ါ"ဟု ဦးဇေလွမ်းက ပြောသည်။

အနာဂတ် လူငယ်များအနေဖြင့် အောင်လအင်န်ဆန်၏ ကြေးရုပ်တုကို ကြည့်ခြင်းအားဖြင့် စိတ်ခွန်အားရစေကာ အားကစားဘက်တွင်ဖြစ်စေ၊ ပညာရေးဘက်တွင် ဖြစ်စေ ကမ္ဘာ့အဆင့်အထိ ထက်မြက်ထူးချွန်သည့်လူငယ်များ ပေါ်ထွန်းလာရေးရည်ရွယ်ကာ တည်ဆောက်ခြင်း ဖြစ်သည်ဟုလည်း သိရသည်။

ကြေးရုပ်တု ဆောက်လုပ်မည့် ကိစ္စရပ်အပေါ် လူတချို့က ဝေဖန်ပြောဆိုမှုများရှိခဲ့ရာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိသည့် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် သဘောမတူသူများအပိုင်းက သဘောတူလာအောင်လည်း ရှင်းပြပြောဆိုသွားမည်ဟု ဦးဇေလွမ်းက ဆိုသည်။

"ဒီမိုကရေစီခေတ် ဆိုတော့ ဒီအထဲမှာ တစ်ယောက်နှစ်ယောက်ကတော့ ရှိပါလိမ့်မယ်။ ဒါကိုလည်း ကျွန်တော်တို့က သေချာနားလည်အောင်ပြောပြပြီးပြီ ကော်မတီကလည်း အောင်လအင်န်ဆန်မိသားစု၊ အိမ်ရှင်တွေကိုလည်း ဆက်ပြီးမှ ပြောပြသွားဖို့ရှိတယ်။ တစ်ယောက်နှစ်ယောက်ဖြစ်တယ်။ ဒါကသူ့ရဲ့ ဒီမိုကရေစီဆိုတော့ သူ့ရှုတောင့်သူပြောတာ၊ ဒါတွေကို ပြန်ပြောပြဖို့ ဖြစ်ပါတယ်"ဟု ဦးဇေလွမ်းက ပြောဆိုခဲ့သည်။

ယခုသွန်းလုပ်ရန် စီစဉ်နေသော အောင်လအင်န်ဆန်၏ ကြေးရုပ်တုပုံစံမှာ ဝဲယာပခုံးနှစ်ဘက်ပေါ်တွင် ရွှေခါးပတ်နှစ်ခုတင်ထားသည့်ဟန် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြေးရုပ်သွန်းလုပ်မည့်သူများကို မနောကွင်းအဝင်ပေါက်ရှိ ကြေးရုပ်တုများ ထုဆစ်ခဲ့သူ ဦးမိုက်ကယ်ဖော်ဘောက်က ဦးစီးဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ခံဖောင်ဒေးရှင်းကို မနောအလှမှ အင်ဂျင်နီယာ ဦးလဆမ်တို့က တည်ဆောက်သွားမည်ဖြစ်သည်ဟု ကြေးရုပ်တုဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

ထို့အပြင် အောင်လအင်န်ဆန်ကိုလည်း ရွှေသားအစစ်ဖြင့်ပြုလုပ်ထားသည့် တံဆိပ်တစ်ခုခုကို လက်ဆောင်အဖြစ် ဂုဏ်ပြုသွားရန် အစီအစဉ်ရှိကြောင်း ဦးဇေလွမ်းက ပြောသည်။

ယခု ကြေးရုပ်တုကို ဆောက်လုပ်ခြင်းသည် အောင်လအင်န်ဆန်နှင့် ပတ်သက်သည့်ပထမဆုံးအသိအမှတ်ပြု အထိမ်းအမှတ်တစ်ခုဖြစ်ပြီး ရှေ့ဆက်၍ အောင်လအင်န်ဆန်အမှတ်တရ အားကစားရုံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

**Salai**



မြစ်ကြီးနားသတင်းဂျာနယ်

အပတ်စဉ် တနင်္လာ နေ့တိုင်း ထွက်

ကြော်ငြာထည့်သွင်းလိုသူများ ဆက်သွယ်နိုင်သည်

၀၉- ၄၀၀၀၄၈၆၈၀၊၀၉-၄၀၀၀၁၂၁၉၃

Online မှ Pdf မှာယူလိုသူများ myitkyinajournal@gmail.com သို့ဆက်သွယ်နိုင်ပါသည်၊

လပေးနှစ်ချုပ် မှာယူလိုသူများ ဆက်သွယ်ရန်

၀၉- ၄၅၉၄၅၂၉၀၂၊ ၀၉-၄၂၀၀၈၅၉၂၈၊ ၀၉-၂၅၉၀၇၇၄၁၅၊ ၀၉- ၂၅၆၃၆၀၂၇၄

မြစ်ကြီးနားသတင်းဂျာနယ်

လက်မှုရောင်းချလိုသူများအနေဖြင့်

အပတ်စဉ်တနင်္လာနေ့တိုင်း

မြစ်ကြီးနားသတင်းဂျာနယ်တိုက်တွင်

လာရောက်

ဆက်သွယ်မှာယူနိုင်ပါသည်။

AKZ GROUP

High Class

AIR-CON , AIR SUSPENSION

EXPRESS

မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW

SCANIA ( 2+1 ) VIP

ရန်ကုန်မှ ညနေ (၅)နာရီ

မြစ်ကြီးနားမှ နေ့လည် (၁)နာရီ

နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်

အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။

မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# မြန်မာရုပ်ရှင်လောကမှာ နာမည်ရလာတဲ့ ကချင်မော်ဒယ်လ်၊ သရုပ်ဆောင် ဂျာဆိုင်းအိန်နှင့် စကားစမြည်




မော်ဒယ်လ်၊ သရုပ်ဆောင် မင်းသမီးလေး ဂျာဆိုင်းအိန်ဟာ သရုပ်ဆောင်လောကကို စတင်ဝင်ရောက်ခဲ့တာ ငါးနှစ်နီးပါးလောက်ရှိလာပြီဆိုတော့ ကချင်ပြည်နယ် အနုပညာလောကမှာသာမကဘဲ မြန်မာရုပ်ရှင်လောကမှာပါ (Reflection)ဇာတ်ကားနဲ့ စတင်နာမည်ရလာတဲ့ မင်းသမီးချောလေးပါ။ လှပတဲ့ရုပ်ရည်၊ ကျော့ရှင်းတဲ့ ကိုယ်နေဟန်၊ သွက်လက်ထက်မြက်ပြီး ချိုသာတဲ့အပြုံးပိုင်ရှင် မင်းသမီးလေးဂျာဆိုင်းအိန်က သရုပ်ဆောင်ပိုင်းမှာလည်း ဆွဲဆောင်မှုရှိတဲ့ မင်းသမီးလေးဆိုတော့ အချိန်တိုအတွင်းမှာပဲ ပရိသတ်အများရဲ့ ချစ်ခင်အားပေးမှုကို ရရှိလာတဲ့ မင်းသမီးတစ်လက်ပါ။

သူမက သရုပ်ဆောင်တစ်ယောက်အပြင် Miss ပြိုင်ပွဲတွေကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့သူပါ။ Miss Myanmar World 2018 မှာ First Runner Up ဆုနဲ့ အခြားသောဆုတွေကိုလည်း ရရှိခဲ့ဖူးပါတယ်။ မင်းသမီးဂျာဆိုင်းအိန်ရဲ့ လတ်တလော အနုပညာလှုပ်ရှားမှုတွေနဲ့ ပတ်သက်အကြောင်းတွေကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါတယ်။

**ပထမဆုံးအနေနဲ့ အနုပညာလောကထဲကို စတင်ခြေချဖြစ်ခဲ့ပုံလေးကို စာဖတ်ပရိသတ်နဲ့ အရင်ဆုံး မိတ်ဆက်ပေးစေချင်ပါတယ်။**

ဒီအနုပညာလောကထဲကိုတော့ ၂၀၁၃ က စဝင်ခဲ့တာပါ။ ဘယ်လိုဝင်ဖြစ်ခဲ့လဲဆိုတော့ Shingni Hpung (ကချင်အနုပညာရှင်များ အသင်းချုပ်)ကနေ ပြုလုပ်တဲ့ သရုပ်ဆောင်ပြိုင်ပွဲမှာဝင်ပြိုင်ရင်းနဲ့ လုပ်ဖြစ်သွားတာပေါ့။ **အစ်မကိုဂျာဆိုင်းအိန်ဆိုတဲ့ အနုပညာနာမည်အပြင် သူငယ်ချင်းတွေ၊ မိသားစုတွေ ချစ်စနိုးခေါ်တဲ့ နာမည်လေးကို သိချင်တယ်အစ်မ။**

သူငယ်ချင်းတွေနဲ့ မိသားစုတွေကတော့ "အလိ" လို့ပဲ ခေါ်ကြပါတယ်။ အစ်မကိုယ်တိုင်ကရော အလိ လို့ပဲ ပြောလေ့ရှိပါတယ်။

**အခုဆိုရင် ရိုက်ပြီးသွားတဲ့ ဇာတ်ကား ဘယ်လောက်လောက်ပြီလဲရှင့်။**

ကချင်ဇာတ်ကားကတော့ လေး၊ငါးကားရှိပြီ၊ ရုပ်ရှင်ဇာတ်ကားကြီးလည်း လေး၊ ငါးကားလောက် ရှိပါပြီ။

**ရိုက်ပြီးသွားတဲ့ ဇာတ်ကားတွေထဲမှာ အမှတ်တရအဖြစ်ဆုံးဇာတ်ကားက ဘယ်ဇာတ်ကားများဖြစ်မလဲ။**

ဇာတ်ကားတွေ အားလုံးနီးပါးတော့ အမှတ်တရဖြစ်ပါတယ်။ ပထမဦးဆုံးရိုက်တဲ့ ဒါရိုက်တာ တာကောရဲ့ U dang a lam bum ဇာတ်ကားဆိုရင်လည်း အမှတ်တရအရမ်းဖြစ်တယ်။ အဲ့ဒါထက်ပို အမှတ်တရဖြစ်တာကတော့ ပထမဦးဆုံးရိုက်တဲ့ဟိုတလောကမှရိုက်တဲ့ "မနောမြေမှ ကျောက်စိမ်းကမ္ဘာ"ပေါ့၊ ဒါ အစ်မအတွက် ပထမဦးဆုံး ရိုက်တဲ့ ရုပ်ရှင်ကား၊ ပြီးတော့ သူက ခရီးတွေလည်း နှစ်လလောက်ထွက်ရတယ်၊ အဲ့ဒီတုန်းက အစ်မက အရမ်းလည်း ငယ်သေးတယ်၊ နေ့တိုင်းလိုလို ငိုလိုက်၊ ရယ်လိုက်နဲ့ အချိန်ပြည့်ကွာ၊ တစ်ခါမှ အဲ့လိုမရိုက်ဖူးဘူးဆိုတော့ အမှတ်တရအရမ်းဖြစ်ခဲ့ပါတယ်။ အကုန်လုံးကလည်း အသစ်တွေပဲဆိုတော့။

**သရုပ်ဆောင်ပိုင်းနဲ့ ပတ်သက်ပြီးတော့ရော အစ်မရဲ့ လက်ဦးဆရာက ဘယ်သူဖြစ်မလဲ။**

လက်ဦးဆရာကတော့ ကိုဒေါင်လွဏ်းပါ။ သူက အစစအရာရာ အားလုံးလုပ်ဆောင်ပေးတယ်။ လူရွေးတာလည်း သူပဲ။ နောက်ပိုင်းဇာတ်ကားတွေရိုက်တာတွေလည်း သူနဲ့ပဲ။ ဆရာတွေတော့ အများကြီးပါပဲ၊ သူတို့အားလုံးလည်း ဆရာတွေပါ၊ အဓိကကတော့ ကိုဒေါင်လွဏ်းပေါ့။

**အခုရိုက်ဖြစ်ခဲ့တဲ့ ဇာတ်ကားတွေထဲမှာ ဘယ်ဇာတ်ဆောင်စရိုက်က အစ်မအတွက် စိန်ခေါ်မှုအများဆုံးဖြစ်ခဲ့လဲ။**

စိန်ခေါ်မှုကတော့အားလုံးလိုလိုဖြစ်ပါတယ်။ အခုနောက်တစ်ကား နောက်ထွက်မယ့်ဟာက ဖိုက်တင်ချတဲ့ အခန်းတွေချည်းပဲ Fighting ခန်းတွေပဲဆိုတော့ ပိုပြီး စိန်ခေါ်မှုဖြစ်တယ်။ အရင်ဇာတ်ကောင်တွေကျတော့ ဒီလိုပဲ လူနေမှုအသိုင်းအဝိုင်း၊ လူမှုပတ်ဝန်းကျင်၊ သမားရိုးကျ ပုံစံအတိုင်းပဲရိုက်ရတာပေါ့။ ဒါပေမဲ့ မရိုက်ဖူးတာတွေ၊ မလုပ်ဖူးတာတွေပဲဆိုတော့ အားလုံးစိန်ခေါ်မှုဖြစ်ပါတယ်။

**အခုအစ်မက ကချင်အနုပညာလောကအပြင် မြန်မာ့ရုပ်ရှင်လောကထဲကိုလည်း ဝင်ရောက်လာပြီဆိုတော့ ကားကြီးတွေရိုက်ရတာ ဘယ်လိုအခက်အခဲမျိုးတွေ ကြုံခဲ့ရလဲ။**

အခက်အခဲတွေတော့ကြုံရပါတယ်။ ကချင်နဲ့လည်း မတူဘူး။ ပြီးတော့ ဒီမှာက အပြိုင်အဆိုင်လည်း အရမ်းများတယ်။ ပြီးလို့ရှိရင် စီနီယာတွေ၊ ဂျူနီယာတွေလည်း အများကြီးဆိုတော့ ပြီးတော့ အစ်မက တိုင်းရင်းသူ ဂိုဏ်းဖော့လည်းဖြစ်တယ်ဆိုတော့ အဓိက ကတော့ စကားဝဲတာပေါ့။ တိုးရတာလည်း အရမ်းခက်တယ်။ အရာရာအရမ်းခက်ခဲတယ်၊ အရမ်းအရမ်းကြိုးစားရမယ်၊ ပြီးတော့ သည်းခံနိုင်စွမ်းလည်း ရှိရမယ်။

**အဲလို အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဘယ်လိုစိတ်ဓာတ်ခွန်အားတွေနဲ့ ရင်ဆိုင်ကျော်ဖြတ်လေ့ရှိလဲ။**

အခက်အခဲတွေကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်လဲဆိုတော့ အစ်မတို့က ခရစ်ယာန်တစ်ဦးလည်း ဖြစ်တယ်၊ ပထမဦးဆုံးကိုယ့်ဆီမှာ ဘာမှအားကိုးစရာမရှိရင်တောင်မှ ဘုရားရှိတယ်ဆိုတော့ ဘုရားဆီ ဆုတောင်းတယ်။ ပြီးတော့ ခွန်အားရမယ့် စာစောင်တွေ၊ စာပိုဒ်တွေဖတ်တယ်။ ခွန်အားရမယ့် စကားတွေ နားထောင်တယ်၊ သူငယ်ချင်း၊ မိသားစုတွေဆီက အကူအညီတွေယူတယ်၊ ကိုယ့်ကိုကိုယ်လည်း ခွန်အားပြန်ယူတယ်။




**အစ်မကအနေနဲ့ အလှအပရေးရာတွေ၊ Body ပိုင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုထိန်းသိမ်းခဲ့လဲ။**

အရင်တုန်းကတော့ Gym ဆော့တယ်ပေါ့နော်။ ပြီးရင် Boxing ထိုးတယ်။ တစ်ခါတလေ အရမ်းစား လိုက်လို့ ဝလာလို့ရှိရင် ဝိတ်ကျအောင် ပြန်လုပ်လိုက်တယ်။ ပြီးရင်အရမ်းပိန်ကျသွားလို့ရှိရင် အခုဆိုရင် အရမ်းပိန်ကျသွားတော့ ပြန်စားနေရတယ်ကွာ။ အဲ့လိုမျိုးတော့ရှိတယ်။ အဲ့လိုပေါ့နော်၊ ဒါပေမဲ့ အစ်မက အားကစားလုပ်ရတာကြိုက်တယ်။ အဓိကကတော့ Gym ဆော့တာပေါ့။ အဲ့လိုတော့ ထိန်းဖြစ်ပါတယ်။

**အစ်မရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီးတော့ရော ။**

အချစ်ရေးနဲ့ ပတ်သက်ရင်တော့ အခုမှ ရှာနေဆဲပဲပေါ့နော်။

**အဲ့ဒါဆိုရင် စိတ်ကူးထဲက အိမ်ထောင်ဖက်တစ်ယောက်ရဲ့ ပုံစံက ဘယ်လိုပုံစံဖြစ်မလဲပေါ့။**

အစ်မစိတ်ကူးထားတဲ့ ပုံစံကတော့ . . . အဓိက ကတော့ ကိုယ့်ကို ချစ်ရမယ်။ နားလည်မှုရှိရမယ်။ Respect ရှိရမယ်။ ပြီးတော့ ဘုရားကို သိရမယ်။ သစ္စာရှိရမယ်ပေါ့နော်။ ရုပ်ရည်ကတော့ အဲ့လောက် မကြည့်ပါဘူး။ အဓိကကတော့ စိတ်ထားပေါ့နော်။

**အစ်မရဲ့ အားလပ်ချိန်တွေမှာ ဘာလုပ်လေ့ရှိလဲ။**

အေးဆေး အနားယူဖြစ်ပါတယ်။ ပြီးတော့ သူငယ်ချင်းတွေနဲ့ ချက်ပြုတ်စားသောက်ကြတယ်။ အဓိက ကတော့ သူငယ်ချင်းတွေနဲ့ပါပဲ။ တစ်ခါတလေ မိသားစုကို အချိန်ပေးဖြစ်ပါတယ်။ အရမ်းကြီးထွေထွေထူးထူးတော့ မရှိပါဘူး။ သာမန်ပါပဲ။

**အခုတလော အနုပညာလှုပ်ရှားမှုတွေနဲ့ပတ်သက်လို့ ဘာတွေလုပ်ဖြစ်နေလဲ။**

အခုက တတိယဆုံမှတ်ဆိုတဲ့ ဇာတ်လမ်းတွဲတစ်ခုရိုက်နေပါတယ်။ ဒါရိုက်တာကတော့ ထိုင်းနဲ့မြန်မာကပေါ့နော်။ အစ်မက အဲဒီဇာတ်ကားထဲမှာတော့ တစ်ခါမှ သရုပ်မဆောင်ဖူးတဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ရမှာပေါ့နော်။ ဘယ်လို Character ဆိုတာတော့ ထွက်လာမှပဲ ကြည့်ရှုကြဖို့ ပြောချင်ပါတယ်။ ပြီးတော့ ကချင်ဇာတ်ကားလည်း ကမ်းလှမ်းထားတာတော့ ရှိပါတယ်။ ဒါပေမဲ့ Confirm တော့ မဖြစ်သေးပါဘူး။

**နောက်ဆုံးအနေနဲ့ အစ်မကို ချစ်တဲ့ပရိသတ်တွေကို စကားလက်ဆောင်လေး ပြောပေးပါဦး။**

အရင်တုန်းကတည်းကနေရော၊ အခုမှသိပြီး အားပေးတဲ့သူတွေရော အားလုံးကို ကျေးဇူးအများကြီး တင်ရှိပါတယ်။ ဆက်လက်ပြီး အားပေးကြပါဦးလို့။ လိုအပ်ချက်တွေကိုလည်း ဝေဖန်ပေးကြပါ။ ပြီးတော့ အားလုံးအတွက် အရမ်းကြိုးစားပြီး လုပ်ဆောင်နေပါတယ်။ စောင့်မျှော်အားပေးကြပါဦးလို့ ပြောချင်ပါတယ်။

ဟုတ်ကဲ့ပါ၊ အခုလို မအားတဲ့ကြားထဲကနေ အချိန်ပေးပြီး ဖြေကြားပေးတဲ့အတွက် အစ်မကိုမြစ်ကြီးနားဂျာနယ်က ကျေးဇူးအများကြီးတင်ပါတယ်။

အစ်မလည်း အခုလိုအချိန်ပေးပြီး လာရောက်မေးမြန်းပေးတဲ့အတွက် မြစ်ကြီးနားဂျာနယ်ကို ကျေးဇူးအများကြီးတင်ပါတယ်။ မြစ်ကြီးနားသတင်းဂျာနယ်လည်း ဒီထက်မက အောင်မြင်ပါစေ။ ကျေးဇူးအများကြီး တင်ပါတယ်။

**Benadeth မေးမြန်းသည်။**